# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၁၁၄)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# သမိုင်းအစဉ်အဆက်ဆက် ထိန်းသိမ်းအမွေဆက်ခံလာခဲ့သည့် အမျိုးသားယဉ်ကျေးမှုအရင်းအမြစ်များကို ပိုမိုအခြေခိုင်ခံ့အစွမ်းထက်စေရအောင် ရိုးရာအစဉ်အလာထိန်းသိမ်းမှုနှင့် တီထွင်ဆန်းသစ်မှုများ ပေါင်းစပ်မြှင့်တင်

**နေပြည်တော် အောက်တိုဘာ ၁၃**

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန် သဘင်ဆောင်၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်


*စာမျက်နှာ ၃ ကော်လံ ၁* ❖




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။


**ယနေ့ *သတင်းအညွှန်း***

**အနုသုခုမယဉ်ကျေးမှုနှင့်အတူ စိတ်ဓာတ်ယဉ်ကျေးမှုလည်း တည်ဆောက်ကြစို့ရဲ့** — ဆောင်းပါး စာ ၈

**နိုင်ငံ့ဝန်ထမ်းများနှင့် ဆန္ဒမဲပေးပိုင်ခွင့်** — ဆောင်းပါး စာ ၁၃


## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၃**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-I) တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကို ယင်းနေ့ နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်ကာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV HD၊ MRTV News၊ MRTV Parliament ၊ NRC Channel၊ Farmer's Channel၊ MITV၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများဖြစ်သော MNTV၊ Skynet Up to date နှင့် Readers' Channel တို့အပြင် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသည့် MWD HD၊ MWD Variety Channel တို့မှလည်းကောင်း၊


*စာမျက်နှာ ၅ ကော်လံ ၁* ❐

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ *ရှေ့ဖုံးမှ*

ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုအဖွဲ့များ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှု အကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကပြဖျော်ဖြေတင်ဆက်**

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ကျောက်မျက်စီခြယ် နဝရတ်ကိုးသွယ်" ယိမ်းအကဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိတို့၏အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတကာအလယ်တွင် မိမိနိုင်ငံ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာ မြင့်မားထည်ဝါအောင် ကြိုးပမ်းစွမ်းဆောင်ပေးနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

**ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ပေးနိုင်ခဲ့**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို အစဉ်အလာမပျက် ကျင်းပလာခဲ့သည်မှာ ယခုအခါ (၂၆)ကြိမ်မြောက်ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျင်းပနိုင်ခဲ့ခြင်းများကြောင့်လည်း အမျိုးသားယဉ်ကျေးမှုအမွေအနှစ်အနုပညာရပ်များ ထိန်းသိမ်းမြှင့်တင်မှု တိုးတက်မြင့်မားလာပြီး အမျိုးသားရေးစရိုက်လက္ခဏာများ ထင်ရှားခိုင်မာလာမှုတို့နှင့်အတူ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် နိုးကြားထက်သန်မှု အကျိုးရလဒ်ကောင်းများကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ပေးနိုင်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

> **"အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးတို့၏ အသက်တမျှ အရေးကြီး ထိန်းသိမ်းကြရမည့် အမွေအနှစ်များပင်ဖြစ်၊ အမျိုးသားယဉ်ကျေးမှု မြင့်မားလေလေ၊ နိုင်ငံနှင့်လူမျိုး၏ အဆင့်အတန်းသည်လည်း မြင့်မားလေလေဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်မည်ဖြစ်၊ မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးဝိသေသလက္ခဏာ၊ ပင်ကိုတန်ဖိုးနှင့် အဆင့်အတန်းတို့ကို အမျိုးသားယဉ်ကျေးမှုကတစ်ဆင့်သာ ဖော်ညွှန်းပြဆိုကြရခြင်းဖြစ်"**

**အဓိပ္ပာယ်ပြည့်ပြည့်ဝဝဖြင့် အောင်မြင်ခဲ့**

ယခုကဲ့သို့ အမျိုးသားရေး အနှစ်သာရနှင့်ပြည့်ဝသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြည်သူအများ၏ အားပေးချီးမြှောက်မှုများကြောင့်လည်း အဓိပ္ပာယ်ပြည့်ပြည့်ဝဝဖြင့် အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများနှင့် ပြိုင်ပွဲဝင်အနုပညာရှင်များအားလုံး၏ ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို လေးစားမြတ်နိုးစွာ လေ့လာလိုက်စားထိန်းသိမ်းမြှင့်တင်လိုသည့် စိတ်ကောင်း၊ စေတနာ၊ ပင်ကိုအရည်အသွေးကောင်းများနှင့်အတူ အားပေးကြသည့် မိဘဆွေမျိုးများနှင့် အနုပညာမြတ်နိုးသူဝါသနာရှင်အားလုံးတို့၏ ပူးပေါင်းပါဝင်မှုအကျိုးကျေးဇူးကြောင့်ဖြစ်သည်ကိုလည်း ဂုဏ်ပြုပြောကြားလိုကြောင်း။

**အမျိုးသားယဉ်ကျေးမှုကတစ်ဆင့်သာ ဖော်ညွှန်း**

အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးတို့၏ အသက်တမျှ အရေးကြီးထိန်းသိမ်းကြရမည့် အမွေအနှစ်များပင်ဖြစ်ကြောင်း၊ အမျိုးသားယဉ်ကျေးမှု မြင့်မားလေလေ၊ နိုင်ငံနှင့်လူမျိုး၏ အဆင့်အတန်းသည်လည်း မြင့်မားလေလေဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးဝိသေသလက္ခဏာ၊ ပင်ကိုတန်ဖိုးနှင့် အဆင့်အတန်းတို့ကို အမျိုးသားယဉ်ကျေးမှုကတစ်ဆင့်သာ ဖော်ညွှန်းပြဆိုကြရခြင်းဖြစ်ကြောင်း။

**ပံ့ဖော်ပျိုးထောင်ပေးကြရမည်**

ထို့ကြောင့် မိမိနိုင်ငံ မိမိလူမျိုး၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ပြောဆိုနေထိုင်ကျင့်ကြံမှု၊ တွေးခေါ်မြော်မြင်မှုနှင့် စိတ်နေစိတ်ထားတို့ ယဉ်ကျေးသိမ်မွေ့စေရအောင်၊ အဆင့်အတန်းမြင့်မားစေရအောင် နိုင်ငံတိုင်းသည် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးခြင်းအားဖြင့် ပံ့ဖော်ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း။

မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး စသည့် ဂီတ၊ သဘင်နယ်ပယ်၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ကပြသီဆိုတီးမှုတ်မှုနှင့် အသုံးပြုသည့် တူရိယာပစ္စည်းများသည်လည်း ထူးခြားသည့် မြန်မာ့မူ မြန်မာ့အသွင်စစ်စစ်ဖြင့် နိုင်ငံတကာတွင် ဂုဏ်ယူဝင့်ကြွားနိုင်သည့် ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

**ပြည့်စုံကြွယ်ဝမှုကို သိရှိနားလည်နိုင်**

ယခုကဲ့သို့ ဂုဏ်ယူဝင့်ကြွားဖွယ် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများတွင် တင်ဆက်ပြသနိုင်ခြင်းအားဖြင့် တွေ့မြင်ရသည့် မျိုးဆက်သစ်လူငယ်များအဖို့ မြန်မာ့ယဉ်ကျေးမှု၏ ကြီးကျယ်ခမ်းနားထည်ဝါမှု၊ နက်နဲသိမ်မွေ့သည့် မြန်မာ့အနုပညာရပ်များ၏ ပြည့်စုံကြွယ်ဝမှုကို သိရှိနားလည်နိုင်ပြီး လေးစားဂုဏ်ယူခြင်းနှင့်အတူ အလေးထားမြတ်နိုး

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချင်းတိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ရိုးရာ(ယန်းအက)ပြိုင်ပွဲတွင် အထူးဆုရရှိသည့်အဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောအဆို၊ မဟာဂီတပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

တန်ဖိုးထားစိတ်များပေါ်ပေါက်လာစေမည်မှာ မလွဲဘူးဟု မှာကြားလိုကြောင်း၊ အမျိုးသားယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးပြီး လေ့လာကြိုးပမ်း ပြိုင်ပွဲဝင်ခဲ့ကြသည့် မျိုးဆက်သစ်လူငယ်များနှင့် ဆုရရှိကြသူအားလုံးကိုလည်း လေးစားဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း။

**အစဉ်အလာကောင်းများရှိထားပြီးဖြစ်**

မိမိတို့မြန်မာလူမျိုးများသည် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ၊ အဆင့်အတန်းမြင့်မားသည့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုများ၊ နက်ရှိုင်းသိမ်မွေ့သည့် ယဉ်ကျေးမှုဓလေ့စရိုက်နှင့် အတွေးအခေါ်အယူအဆများ၊ လူမှုကျင့်ဝတ်စည်းကမ်းများ၏ ဂုဏ်ကျေးဇူးများကြောင့် သမိုင်းအစဉ်အဆက်တွင် ကျက်သရေရှိရှိ ရပ်တည်ထွန်းပြောင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိထားပြီးဖြစ်ကြောင်း။

**အမွေခံကောင်းများထားရစ်ခဲ့နိုင်ရန် ကြိုးပမ်း**

မိမိတို့အနေဖြင့် ဒီကောင်းမြတ်သည့် အတိတ်အစဉ်အလာများ၊ ကောင်းမွေများကို တည်တံ့တိုးပွားအောင် ထိန်းသိမ်းမြှင့်တင်ရင်း ပစ္စုပ္ပန်ကာလ၏ အခွင့်အလမ်းကောင်းများနှင့်ပေါင်းစပ်ပြီး အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် အခြေခံကောင်းအမွေခံကောင်းများ ထားရစ်ခဲ့နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ အမျိုးသားရေးတာဝန်ဖြစ်ပြီး မျက်မှောက်ခေတ် နိုင်ငံသူနိုင်ငံသားများဖြစ်သည့် မိမိတို့အားလုံး၏ ပခုံးပေါ်ကိုရောက်ရှိနေပြီဖြစ်ကြောင်း။

ထို့ကြောင့် အတိတ်ကာလက ဘိုးဘွားအမွေအနှစ်ဖြစ်သည့် မြန်မာ့အနုသုခုမ ပညာရပ်များနှင့်တကွ အမျိုးသားယဉ်ကျေးမှု အဆောက်အအုံကြီး၏ ကောင်းမွေများကို ပစ္စုပ္ပန်ကာလတွင် ကောင်းမြတ်သည့် ကြိုးပမ်းအားထုတ်မှုများဖြင့် ထိန်းသိမ်းမြှင့်တင်သွားကြရမည်ဖြစ်ကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများက ပေါက်ဖွားလာသည့် အကျိုးရလဒ်ကောင်းများနှင့်ပေါင်းစပ်ပြီး အနာဂတ်အတွက် အနုပညာအမွေအနှစ်စစ်စစ်များ ပွားများကျန်ရှိရအောင် ဆက်လက်လက်တွဲ ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု ဆန္ဒပြုတိုက်တွန်းလိုကြောင်း။

**ယဉ်ကျေးမှုအနုပညာစွမ်းအားတို့ဖြင့် မြှင့်တင်**

သမိုင်းအစဉ်အဆက်ဆက် ထိန်းသိမ်းအမွေဆက်ခံလာခဲ့သည့် အမျိုးသားယဉ်ကျေးမှုအရင်းအမြစ်များကို ပိုမိုအခြေခိုင်ခံ့ အစွမ်းထက်စေရအောင် ရိုးရာအစဉ်အလာ ထိန်းသိမ်းမှုနှင့် တီထွင်ဆန်းသစ်မှုများ ပေါင်းစပ်မြှင့်တင်ဆောင်ရွက်ပေးကြရန်၊ တိုင်းရင်းသားပြည်သူများ ဇာတိသွေးဇာတိမာန် မြင့်မားရေးနှင့် မြန်မာ့ရိုးရာ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ပြီး တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လွှမ်းမိုးမှုကို ကာကွယ်တားဆီးပေးကြရန်၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးစသည့် စိတ်ဓာတ်ရေးရာအခြေခံများ တိုးတက်ရင့်သန် ခိုင်မာမြင့်မားစေရအောင် ယဉ်ကျေးမှုအနုပညာစွမ်းအားတို့ဖြင့် မြှင့်တင်ပေးကြရန် ဆန္ဒပြုတိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်

*စာမျက်နှာ ၅ သို့*





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ကျောက်မျက်စီခြယ် နဝရတ်ကိုးသွယ်" ယိမ်းအကဖြင့် ကပြဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး အဆို၊ မဟာဂီတပြိုင်ပွဲ အခြေခံပညာအဆင့်(၁၀-၁၅) (အမျိုးသား) ပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အဆို၊ ခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲ အခြေခံပညာအဆင့်(၁၅-၂၀) (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*

ရောဝတီတိုင်းဒေသကြီးတို့မှ တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ရိုးရာ "ယန်းအက" ဖြင့် ထားဝယ်တိုင်းရင်းသားရိုးရာ တေးဂီတအဖွဲ့က ဖျော်ဖြေ ကပြတင်ဆက်ကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက်ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တိုင်းရင်းသားရိုးရာ "ယန်းအက" ပြိုင်ပွဲနှင့် ကဗျာလွတ်ပြိုင်ပွဲတို့တွင် အထူးဆု၊ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်**

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အဆို၊ မဟာဂီတပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အဆို၊ မဟာဂီတပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အဆို၊ မဟာဂီတပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အဆို၊ ခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) (အမျိုးသမီး)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဆို၊ ခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက အဆို၊ ခေတ်ဟောင်း/ ကာလပေါ် ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

**"အနန္တငါးဖြာ" သီချင်းဖြင့် သီဆိုဖျော်ဖြေ**

ဆက်လက်၍ အဆို ခေတ်ဟောင်း/ ကာလပေါ် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲ၌ ပထမဆုရရှိသူ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မမိုးမြင့်စံက "အနန္တငါးဖြာ" သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က အက၊ အရေးနှင့် အတီးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

**ပြိုင်ပွဲဝင်များက ကပြသီဆိုဖျော်ဖြေ**

ဆုချီးမြှင့်ပွဲတွင် အကပြိုင်ပွဲ၊ အရေးပြိုင်ပွဲနှင့် အတီးပြိုင်ပွဲတို့တွင် ပထမဆုရရှိခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်ကိုယ်စားပြု ပြိုင်ပွဲဝင်များက ကပြသီဆိုဖျော်ဖြေတင်ဆက်ကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ဆုချီးမြှင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် ၁၆၇၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်ရရှိမှုများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ (၅၉) ဆု၊ မန္တလေးတိုင်းဒေသကြီးမှ (၄၇)ဆု၊ ဧရာဝတီတိုင်းဒေသကြီးမှ (၃၇) ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ(၃၃)ဆု၊ ပဲခူးတိုင်းဒေသကြီးမှ (၂၂) ဆု၊ မွန်ပြည်နယ်မှ (၂၁)ဆု၊ မကွေးတိုင်းဒေသကြီးမှ (၁၄)ဆု၊ ကယားပြည်နယ်မှ (၁၇)ဆု၊ ရှမ်းပြည်နယ်မှ (၁၃)ဆု၊ ရခိုင်ပြည်နယ် မှ(၁၀)ဆု၊ ကရင်ပြည်နယ်မှ (၁၂)ဆု၊ တနင်္သာရီတိုင်းဒေသကြီးမှ (၁၃)ဆု၊ ချင်းပြည်နယ်မှ (၁၀)ဆုနှင့် ကချင်ပြည်နယ်မှ(၅)ဆု ရရှိခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့်မည်ဖြစ်သည်။

**သတင်းစဉ်**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသည့် ပြိုင်ပွဲဝင်တစ်ဦး၏ စောင်းတီးခတ်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၁၃**

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ရေခဲတောင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုအဖွဲ့များ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှု အကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

အခမ်းအနားသည် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ပြီးမြောက်စေရေးအတွက် မိမိတို့၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မေတ္တာစေတနာအပြည့်အဝဖြင့် ပါဝင်ကူညီ ပံ့ပိုးပေးခဲ့ကြသည့် ဝါရင့်သမ္မာရင့် အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်ထောက်ပံ့ပေးသူများကို ဂုဏ်ပြုသည့် အခမ်းအနားပင်ဖြစ်ကြောင်း။

အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးဆိုသည့် အလွန်တရာ မွန်မြတ်သော အမျိုးသားရေးရည်မှန်းချက် ပြည့်မြောက်အောင်မြင်စေရေးအတွက် အထင်ကရ အခန်းကဏ္ဍက ပါဝင်စွမ်းဆောင်ပေးလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြိုင်ပွဲကြီး အောင်မြင်ရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင်စွမ်းဆောင်ပေးခဲ့ကြသည့် ဝါရင့်သမ္မာရင့် အနုပညာရှင်ကြီးများနှင့် အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများအားလုံးလည်း နိုင်ငံတော်အစိုးရနှင့် ထပ်တူကျေနပ်ဝမ်းမြောက် ဂုဏ်ယူနေကြလိမ့်မည်ဟု ခံစားမိကြောင်း။

**ကျေးဇူးတင်ဂုဏ်ပြု**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုပြီး အသွင်သဏ္ဌာန်ရောအနှစ်သာရပါ နက်နက်ရှိုင်းရှိုင်းဖြင့် အမျိုးသားရေးအဓိပ္ပာယ် ပြည့်ပြည့်ဝဝဖြင့် ကျင်းပပေးလျက်ရှိကြောင်း၊ ယခုပြိုင်ပွဲကြီးများ၏ မြင့်မားသည့်ရည်ရွယ်ချက်များ တစ်စထက်တစ်စ ပိုမိုအကောင်အထည်ပေါ်လာအောင် ပညာရှင်ကြီးများအားလုံးက တန်ဖိုးမဖြတ်နိုင်သည့် ပညာရပ်များနှင့် အားကြိုးမာန်တက် ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းကိုလည်း အလေးအနက်ထားပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရကဦးဆောင်ပြီး သက်ဆိုင်ရာကဏ္ဍအသီးသီးမှ တာဝန်ရှိသူများက မိမိနိုင်ငံ၊ မိမိလူမျိုး၊ တိုးတက်ကြီးပွားရေးအတွက် မိမိတို့၏ကိုယ်ပိုင်စွမ်းအားကို အခြေခံသည့် မှန်ကန်သော အားထုတ်ကြိုးပမ်းမှုများကို စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် မြန်မာလူမျိုးတို့၏ သမိုင်းအစဉ်အလာကောင်းများနှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ရင်း စည်းလုံးညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ မျက်မှောက်ကာလတွင် ပွင့်လင်းလွတ်လပ်မှုနှင့် တိုးတက်လာသည့် မီဒီယာများကို အသုံးပြုပြီး ယဉ်ကျေးမှုဆိုင်ရာ ထိုးဖောက်မှုအမျိုးမျိုးသည် နယ်ပယ်အသီးသီးတွင် ထွေးရောယှက်တင် ဝင်ရောက်လာနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံအသီးသီးသည် မိမိတို့၏ ရိုးရာအစဉ်အလာ ယဉ်ကျေးမှုဓလေ့စရိုက်များကို တန်ဖိုးထားထိန်းသိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးစားနေကြကြောင်း၊ အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အသက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့အချိန်အခါမျိုးတွင် မျိုးဆက်သစ်လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးအတွက် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းကာကွယ် စောင့်ရှောက်မှု ကိုယ်ခံစွမ်းအားများ မြင့်မားရှင်သန်နေစေရအောင် အနုပညာစွမ်းအားဖြင့် စေ့ဆော်မြှင့်တင်ပေးရန် တိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမ ပညာရပ်များကို ဘိုးဘွားအဆက်ဆက် အနုပညာရှင်မျိုးဆက်အဆင့်ဆင့်တို့က ယဉ်ကျေးမှုအမွေအနှစ်အဖြစ် လက်ဆင့်ကမ်းသယ်ဆောင် ပွားများလာခဲ့ကြသည့်အတွက် ယနေ့ထက်တိုင် တည်တံ့ခိုင်မြဲနေခြင်းပင်ဖြစ်ကြောင်း၊ နှစ်ပေါင်းထောင်ချီသည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် စဉ်ဆက်မပြတ်ပေါ်ထွန်းလာခဲ့သည့် အနုပညာရှင်ကြီးများက ထိန်းသိမ်းဆင့်ပွား အမွေပေးခဲ့သည့် ကျေးဇူးတရားကြောင့် ယနေ့မိမိတို့တစ်တွေသည် အဖိုးအနဂ္ဃထိုက်တန်လှသည့် မြန်မာ့ယဉ်ကျေးမှု အနုပညာဘဏ္ဍာတိုက်ကြီးကို ပိုင်ဆိုင်ထိန်းသိမ်းထားကြသူများအဖြစ် ရပ်တည်နေနိုင်ခြင်းဖြစ်ကြောင်း။

*စာမျက်နှာ ၇ သို့*

စာမျက်နှာ ၆ မှ

**အနုပညာအမွေပေးကြရန် မေတ္တာရပ်ခံ**

ထို့ကြောင့် ဝါရင့်သမ္မာရင့် အနုပညာရှင်ကြီးများကလည်း ခေတ်အဆက်ဆက်တွင် ပေါ်ထွန်းခဲ့သည့် ဘိုးဘွားဆရာသခင် အနုပညာရှင်ကြီးများ၏ အစဉ်အလာကောင်းများနှင့်အညီ အမွေဆက်ခံ ထိန်းသိမ်းထားသည့် အနုပညာဘဏ္ဍာတိုက်ကြီး ပိုမိုခိုင်ခံ့ဝင့်ကြွား တန်ဖိုးကြီးမားလာစေရအောင် ပြုစုပျိုးထောင်ပေးရင်း နောင်လာနောက်သား မျိုးဆက်သစ်အနုပညာရှင်များအတွက် အနုပညာအမွေပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း။

မိမိတို့အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များ ဆတက်ထမ်းပိုး တိုးတက်ရှင်သန် ထွန်းကားပြန့်ပွားစေရအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ပေးနိုင်ကြပါစေ၊ မိမိတို့၏ ပြည့်စုံကြွယ်ဝလှသည့် အတွေ့အကြုံများ၊ တန်ဖိုးမဖြတ်နိုင်သည့် အနုပညာစွမ်းအားများကို မျိုးဆက်သစ်လူငယ်များအား ပညာဖြန့်ဝေပေးနိုင်ကြပါစေ၊ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာ၊ ကျန်းမာချမ်းသာစွာဖြင့် အသက်ရာကျော်ရှည်ကြသည်အထိ နိုင်ငံနှင့်လူမျိုး အကျိုးကို အနုပညာစွမ်းပကားဖြင့် သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ၊ နောင်လာမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးပေါင်းများစွာ တိုင်သည်အထိ မိမိတို့၏ အနုပညာစွမ်းအားဖြင့် ဆက်လက်ကူညီပံ့ပိုးနိုင်ကြပါစေဟု မေတ္တာပို့သဆန္ဒပြုပါကြောင်း ပြောကြားသည်။

- **နိုင်ငံအသီးသီးသည် မိမိတို့၏ ရိုးရာအစဉ်အလာ ယဉ်ကျေးမှုဓလေ့စရိုက်များကို တန်ဖိုးထားထိန်းသိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးစားနေကြ၊ အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အသက်ပင်ဖြစ်၊ ထို့ကြောင့် ယခုကဲ့သို့အချိန်အခါမျိုးတွင် မျိုးဆက်သစ်လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးအတွက် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု ကိုယ်ခံစွမ်းအားများ မြင့်မားရှင်သန်နေစေရအောင် အနုပညာစွမ်းအားဖြင့် စေ့ဆော်မြှင့်တင်ပေးရန် တိုက်တွန်းမှာကြား**
- **မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ဘိုးဘွားအဆက်ဆက် အနုပညာရှင်မျိုးဆက်အဆင့်ဆင့်တို့က ယဉ်ကျေးမှုအမွေအနှစ်အဖြစ် လက်ဆင့်ကမ်းသယ်ဆောင် ပွားများလာခဲ့ကြသည့်အတွက် ယနေ့ထက်တိုင် တည်တံ့ခိုင်မြဲနေခြင်းပင်ဖြစ်၊ နှစ်ပေါင်းထောင်ချီသည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် စဉ်ဆက်မပြတ်ပေါ်ထွန်းလာခဲ့သည့် အနုပညာရှင်ကြီးများက ထိန်းသိမ်းဆင့်ပွားအမွေပေးခဲ့သည့် ကျေးဇူးတရားကြောင့် ယနေ့ မိမိတို့တစ်တွေသည် အဖိုးအနဂ္ဃထိုက်တန်လှသည့် မြန်မာ့ယဉ်ကျေးမှု အနုပညာဘဏ္ဍာတိုက်ကြီးကို ပိုင်ဆိုင်ထိန်းသိမ်းထားကြသူများအဖြစ် ရပ်တည်နေနိုင်ခြင်းဖြစ်**

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား အတွင်းရေးမှူး ဦးမင်းထက်သာနှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးစောဝင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများကိုယ်စား မကွေးတိုင်းဒေသကြီးမှ အုပ်ချုပ်သူတစ်ဦး၊ အခမ်းအနားမှူးများ ကိုယ်စား အခမ်းအနားမှူးတစ်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကဲဖြတ်ပညာရှင်များကိုယ်စား အဆိုအကဲဖြတ်ပညာရှင် ဦးတင်ဦးလေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားတက်ရောက်လာကြသူများ၊ ပြိုင်ပွဲဝင်များနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

**အနုပညာရှင်များက ကပြဖျော်ဖြေ**

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေကြသည်။

ထို့နောက် အထူးအစီအစဉ်အဖြစ် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ သဘင်ပညာရှင်ကြီးများဖြစ်ကြသည့် အနုပညာဦးစီးဌာနမှ အသက် ၇၄ နှစ်ရှိ အငြိမ်းစားဦးစီးအရာရှိ ဆရာကြီး ပန်တျာဦးမြင့်သိန်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ အငြိမ်းစား ဂုဏ်ထူးဆောင်ပါမောက္ခကြီး အသက် ၇၆ နှစ်ရှိ ဒေါက်တာနုနုခင်တို့နှင့်အတူ လက်ဆင့်ကမ်းအမွေကို ဆက်ခံကြမည့် မျိုးဆက်သစ်လူငယ်လေးများဖြစ်ကြသည့် မွန်ပြည်နယ်မှ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း) အကပြိုင်ပွဲ ပထမဆုရ မောင်စောအောင်ဟိန်းထွေး (ခေါ်)အဲအဲနှင့် ရန်ကုန်တိုင်းဒေသကြီးမှ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အကပြိုင်ပွဲမှ ပထမဆုရ နန်းကဋ္ဌေစံဦးတို့က "သစ္စာထားနှစ်ပါးသွား" အကဖြင့် ဂုဏ်ပြုလက်ဆင့်ကမ်း ဖျော်ဖြေတင်ဆက်ကြသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ယင်းနောက် ဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် အငြိမ်းစားဦးစီးအရာရှိ ဆရာကြီး ပန်တျာဦးမြင့်သိန်းနှင့် အငြိမ်းစားပါမောက္ခကြီး ဒေါက်တာနုနုခင်တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး မေးမြန်းနှုတ်ဆက်စကား ပြောကြားသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၁၀၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၈)ကြိမ်မြောက် မြန်မာ့ရုပ်ရှင်သက်ကြီးပူဇော်ပွဲကျင်းပ
## နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက ငွေကျပ်သိန်း ၁၀၀ လှူဒါန်း





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ ကို ဒုတိယဝန်ကြီး ဦးရဲတင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင် ထံ ပေးအပ်စဉ်။

**ရန်ကုန် အောက်တိုဘာ ၁၃**

(၁၀၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၈) ကြိမ်မြောက် မြန်မာ့ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အစည်းအရုံးဝင်များ၊ မြန်မာ့ရုပ်ရှင်သက်ကြီး အနုပညာရှင်များ၊ ရုပ်ရှင်အနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့်၊ တိုင်းဒေသကြီးတိုင်းရင်းသား ရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများက (၁၀၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရုပ်ရှင်အစည်းအရုံးဝင်း အတွင်း နိဗ္ဗာန်ကုသိုလ်အဖြစ် ဖွင့်လှစ်ထားသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် (၄၈) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ ကို ဒုတိယဝန်ကြီး ဦးရဲတင့်က ပေးအပ်ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင်က လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၅၀ ကို ပေးအပ်သည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀၊ Forever Group မှ ငွေကျပ် ၆၇ သိန်းကျော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ(ဗဟို)မှ ငွေကျပ်သိန်း ၂၀၊ တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ငွေကျပ် ၁၀ သိန်းနှင့် မင်္ဂလာရုပ်ရှင်မိသားစုက ငွေကျပ် ၂၈ သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က မှာကြားစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ရုပ်ရှင်သက်ကြီးပညာရှင်များအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ပေးအပ်ရာ ရုပ်ရှင်သက်ကြီးပညာရှင် အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေက ဆုတောင်းမေတ္တာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# အနုသုခုမယဉ်ကျေးမှုနှင့်အတူ စိတ်ဓာတ်ယဉ်ကျေးမှုလည်း တည်ဆောက်ကြစို့ရဲ့

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်မှာ အောက်တိုဘာလ ၇ ရက်နေ့က စတင်ကျင်းပခဲ့တာမှာ အခုပြီးစီးသွားလို့ ဆုချီးမြှင့်ပွဲအခမ်းအနားတောင် ကျင်းပပြီးစီးသွားပါပြီ။

ခင်သန်းမြင့်

ဖွင့်ပွဲအခမ်းအနားမှာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က **"နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်နှင့် အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမ ယဉ်ကျေးမှုအဆင့်အတန်းကို သက်တမ်းကြာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့မှုနှင့် ရှေးအစဉ်အလာမပျက်ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျသည့်အချက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက တည်တံ့ဖြစ်ထွန်းခဲ့သည့် ယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ယနေ့ထက်တိုင် အရှည်တည်တံ့ခိုင်မြဲပြီး ရှေးမူရှေးဟန်မပျက် ဖော်ထုတ်ပြသနေနိုင်သည်မှာ မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ကမ္ဘာ့အလယ်တွင် ပြသနေခြင်းပင်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားသွားခဲ့ပါတယ်။




၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ အခြေခံပညာ (၁၅-၂၀) အမျိုးသမီး စောင်းအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု မရှင်းသဒ္ဒါအောင် ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

**" နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်နှင့် အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမယဉ်ကျေးမှုအဆင့်အတန်းကို သက်တမ်းကြာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့မှုနှင့် ရှေးအစဉ်အလာမပျက် ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျသည့်အချက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက တည်တံ့ဖြစ်ထွန်းခဲ့သည့် ယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ယနေ့ထက်တိုင် အရှည်တည်တံ့ခိုင်မြဲပြီး ရှေးမူရှေးဟန် မပျက် ဖော်ထုတ်ပြသနေနိုင်သည်မှာ မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ကမ္ဘာ့အလယ်တွင် ပြသနေခြင်းပင်ဖြစ် "**

**ရှေးအစဉ်အလာကောင်းများကို အတုယူ**

ဒါ့အပြင် **"မျက်မှောက်ကာလတိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရရှိနေသည်မှာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဖြတ်သန်းလာခဲ့ကြသည့် မိမိတို့၏ မြန်မာ့ဘိုးစဉ်ဘောင်ဆက်များက ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်းခဲ့ကြသည့် ကျေးဇူးများကြောင့်ပင်ဖြစ်ကြောင်း၊ ရှေးအစဉ်အလာကောင်းများကို အတုယူပြီး မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု အရင်းအမြစ်များ၊ တန်ဖိုးထားမှုစံနှုန်းများ မှေးမှိန်ကျဆင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်မှာ မိမိတို့၏အမွေခံမျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ်ကြောင်း"** ပြောကြားသွားခဲ့ပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ မြွက်ကြားမှုတွေဟာ ယနေ့ကမ္ဘာ့အခြေအနေအရ အင်မတန်မှ လျော်ညီသင့်မြတ်မှုရှိပါပေတယ်။ ယနေ့ကမ္ဘာမှာ အင်အားကြီးနိုင်ငံအချို့က သူတို့ရဲ့ ယဉ်ကျေးမှုကို Soft Power အဖြစ် အသုံးချပြီး ဖွံ့ဖြိုးဆဲနိုင်ငံငယ်တွေအပေါ် ယဉ်ကျေးမှုအရ လွှမ်းမိုးမှုရှိလာအောင် တွင်တွင်ကျယ်ကျယ် တင်သွင်းလုပ်ဆောင်နေပါတယ်။ ဒီလုပ်ရပ်တွေက အခုမှမဟုတ်ပါဘူး။ စစ်အေးခေတ်ကာလကတည်းကပါ။

**ကိုယ်ပိုင်ယောင်ယောင် ဖန်တီးလုပ်ဆောင်လာကြ**

ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာလို ဖြစ်လာတဲ့ ယနေ့မျက်မှောက်ကာလမှာတော့ ယဉ်ကျေးမှု လွှမ်းမိုးမှုအန္တရာယ်အပြင် ဒြပ်ရှိ၊ ဒြပ်မဲ့ကိုယ်ပိုင် ယဉ်ကျေးမှုအမွေအနှစ်တွေအပေါ် ပုံတူကူးချခြင်း၊ ကိုယ်ပိုင်ယောင်ယောင် ဖန်တီးလုပ်ဆောင်လာကြခြင်းတို့ကြောင့် နိုင်ငံအများအပြားဟာ ကိုယ့်ရဲ့ ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တွေကို ယူနက်စကို အဖွဲ့ကြီးမှာ သူထက်ငါ ဦးအောင်စာရင်းသွင်းလျက်ရှိပါတယ်။

ဒါကြောင့်မို့ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမ ပညာရပ်များကို မြတ်နိုးတန်ဖိုးထားတဲ့ နိုင်ငံတော် အစိုးရအဆက်ဆက်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နှစ်စဉ် ကျင်းပပေးခဲ့ရာမှာ ယခု (၂၆)ကြိမ် ပြီးမြောက်ခဲ့ပါပြီ။

**ရင်အုပ်မကွာ ဆုံးမသွန်သင်လမ်းပြပေးဖို့လို**

မြန်မာတို့ရဲ့အမျိုးဂုဏ်၊ ဇာတိဂုဏ်နဲ့ အမျိုးသားယဉ်ကျေးမှုလက္ခဏာတွေကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေးဆိုတဲ့ ကောင်းမြတ်တဲ့ဦးတည်ချက်၊ ရည်ရွယ်ချက်တွေနဲ့အညီ နိုင်ငံတော်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နှစ်စဉ်မပျက် ကျင်းပပေးလျက်ရှိသလို တစ်ခါက ကမ္ဘာမှာ ဂုဏ်သတင်းမွှေးပျံ့ သင်းကြိုင်ခဲ့တဲ့ မြန်မာတို့ရဲ့ဖော်ရွှေမှု၊ ရိုးသားဖြောင့်မတ်မှု၊ သနားကြင်နာမှု၊ ရိုင်းပင်းကူညီမှု၊ အလှူ အတန်း ရက်ရောမှု၊ ဘာသာတရားကိုင်းရှိုင်းမှုစတဲ့ မြန်မာ့စိတ်ရင်းစေတနာလို့ ဆိုရမယ့် စိတ်ဓာတ်ယဉ်ကျေးမှုတွေကိုလည်း သားစဉ်မြေးဆက်မပျောက်ပျက်အောင် မိဘ၊ ဆရာ သမားတို့က ရင်အုပ်မကွာ ဆုံးမသွန်သင်လမ်းပြပေးဖို့ လိုအပ်ပါတယ်။

လက်ရှိအင်တာနက်လိုင်းပေါ်က ဟီရိဩတ္တပ္ပ တရားကင်းမဲ့မှုတွေ၊ ရုန့်ရင်းကြမ်းတမ်းတဲ့ ဖရုသဝါစာတွေ၊ သိမ်ဖျင်းတဲ့ သမ္မပ္ပလာပတွေအပေါ် လူအချို့ရဲ့ နှစ်ခြိုက်အားပေးမှုတွေ၊ လူအချို့ရဲ့ စိတ်ဓာတ်ယဉ်ကျေးမှုချို့ယွင်းပျက်ပြားပြီး ရက်စက်ကြမ်းကြုတ်၊ ရိုင်းပျမှုတွေကို တွေ့မြင်ရတာကြောင့် စိတ်ဓာတ်ယဉ်ကျေးမှုတည်ဆောက်ဖို့ ပိုလိုအပ်တယ်လို့ ထင်မြင်မိပါတယ်။

မြန်မာတို့ရဲ့စိတ်ဓာတ်ယဉ်ကျေးမှု၊ တစ်နည်းအားဖြင့် မြန်မာ့ဓလေ့ရိုးရာယဉ်ကျေးမှုကတော့ ဗုဒ္ဓဘာသာထွန်းကားစည်ပင်တဲ့ တိုင်းနိုင်ငံပီပီ မြတ်ဗုဒ္ဓရဲ့အဆုံးအမနဲ့ ကင်းလွတ်တယ်ရယ်လို့ မရှိပါဘူး။ အထူးသဖြင့် မြန်မာ့ယဉ်ကျေးမှုနဲ့ မြန်မာ့လူနေမှုစနစ်မှာ မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ မင်္ဂလသုတ်ဟာ အဓိကအခန်းကဏ္ဍက ပါဝင်နေတယ်လို့ ပညာရှင်ကြီးများက ဆိုကြပါတယ်။

**၃၈ ဖြာ မင်္ဂလာတရားတွေကို ဘိုးစဉ်ဘောင်ဆက် လိုက်နာကျင့်သုံးလျက်ရှိ**

လူ့လောကကြီးအတွက် အခြေခံတရားသုံးပါးဖြစ်တဲ့ လူမိုက်နဲ့မပေါင်းသင်းဖို့၊ ပညာရှိ သူတော်ကောင်းကို ဆည်းကပ်ဖို့၊ ပူဇော်ထိုက်သူကို ပူဇော်ဖို့။ လူ့ကျင့်ဝတ်အရ မိဘကို လုပ်ကျွေးမွေးမြူဖို့၊ သားမယားကို ချီးမြှောက်ထောက်ပံ့ဖို့၊ ဆွေမျိုးတွေကို ပေးကမ်းထောက်ပံ့ဖို့၊ မကောင်းမှု မှန်သမျှကို ရှောင်ကြဉ်ဖို့၊ တွေ့ကြုံလာရင်လည်း မလွန်ကျူးမိအောင်စောင့်စည်းဖို့၊ မူးယစ်အရက်သေစာ မသောက်စားဖို့၊ အသက်ဂုဏ် သိက္ခာကြီးသူ၊ ရိုသေထိုက်သူကို ရိုသေလေးစားဖို့၊ ကိုယ့်ကိုယ်ကိုယ် နှိမ်ချဖို့၊ ရောင့်ရဲလွယ်ဖို့၊ ပြောဆိုဆုံးမလွယ်သူဖြစ်ဖို့၊ သည်းခံခွင့်လွှတ်တတ်သူဖြစ်ဖို့ သူ့ကျေးဇူးကို သိတတ်ဖို့ စတဲ့ လောကီ၊ လောကုတ္တရာနှစ်ထွေ နှစ်ဝလိုက်နာကျင့်သုံးအပ်တဲ့ ၃၈ ဖြာ မင်္ဂလာတရားတွေကို မြန်မာ့ဓလေ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာကောင်းများအဖြစ် မြန်မာ့လူ့ဘောင်မှာ ယနေ့တိုင် ဘိုးစဉ်ဘောင်ဆက် လိုက်နာကျင့်သုံးလျက်ရှိပါတယ်။

ဒါ့အပြင် မြတ်စွာဘုရားရှင်က ရာဇဂြိုဟ်မြို့သားသိင်္ဂါလသတို့သားအား ဟောကြားတော်မူခဲ့တဲ့ မိဘနဲ့သားသမီးဆက်ဆံရေးမှာ မိဘများဘက်က ထားရှိရမယ့် **"မကောင်းမှုကို တားမြစ်ခြင်း၊ ကောင်းမှုကို အားပေးညွှန်ပြခြင်း၊ ငယ်ရွယ်စဉ်မှာ ပညာသင်ကြားပေးခြင်း၊ သင့်လျော်သော အိမ်ထောင်ချပေးခြင်း၊ သင့်လျော်သောအချိန်မှာ အမွေပစ္စည်းလွှဲအပ်ပေးခြင်း"**ဆိုတဲ့ မိဘဝတ္တရားငါးပါး။

ထို့အတူ **"ကျွေးမွေးပြုစုခြင်း၊ အမှုကိစ္စများဆောင်ရွက်ပေးခြင်း၊ အမျိုးအနွယ်ကို စောင့်ထိန်းခြင်း၊ အမွေပစ္စည်းများကို ဆက်ခံစောင့်ရှောက်ခြင်း၊ ကွယ်လွန်လေပြီးသော မိဘများအတွက် ကောင်းမှုပြု၍ အမျှပေးဝေခြင်းဆိုတဲ့"**ဆိုတဲ့ သားသမီးများဘက်ကလည်း မိဘများအပေါ်ထားရှိရမယ့် ဝတ္တရားငါးပါး။

ဆရာနဲ့တပည့် အပြန်အလှန်ဆက်ဆံရေးဖြစ်တဲ့ **"အနေအထိုင်တတ်အောင်ဆုံးမခြင်း၊ ပညာတတ်အောင် သင်ကြားပေးခြင်း၊ မိမိတတ်သမျှ မခွင်းမချန်သင်ပေးခြင်း၊ မိတ်ဆွေအလုပ်ရှင်များထံ အပ်နှံပေးခြင်း၊ ဘေးအန္တရာယ်ကြုံသောအခါ ကာကွယ်ပေးခြင်း"** ဆိုတဲ့ ဆရာ့ဝတ္တရားငါးပါး။

**"ထကြွလှုံ့လရှိခြင်း၊ ဆိုဆုံးမမှုအပေါ် ရိုသေစွာနာယူခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ ခြေဆုပ်လက်နယ်ပြုစုလုပ်ကျွေးခြင်း၊ ပညာကိုလေးစားစွာ သင်အံလေ့ကျင့် သင်ယူခြင်း"** ဆိုတဲ့ တပည့်ဝတ္တရားငါးပါး။

**"ချစ်ခင်မြတ်နိုးခြင်း၊ မခန့်လေးစားမပြုခြင်း၊ အငယ်အနှောင်းမထားခြင်း၊ စည်းစိမ် ဥစ္စာအပ်နှံခြင်း၊ ဝတ်စားတန်ဆာဆင်ယင်ခြင်း"** ဆိုတဲ့ လင့်ဝတ္တရားငါးပါး။

**"အိမ်တွင်းလုပ်ငန်းများလုပ်ကိုင်ခြင်း၊ မှီခိုသူများကို ထောက်ပံ့ကျွေးမွေးခြင်း၊ အငယ်အနှောင်းမထားခြင်း၊ ရှိပြီးဥစ္စာကို စနစ်တကျထိန်းသိမ်းခြင်း၊ လုပ်ငန်းကိစ္စဟူသမျှ၌ ကျွမ်းကျင်ခြင်း"** ဆိုတဲ့ မယားဝတ္တရားငါးပါး။

*စာမျက်နှာ ၉ သို့*

**မျက်မှောက်ကာလတိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရရှိနေသည်မှာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဖြတ်သန်းလာခဲ့ကြသည့် မိမိတို့၏ မြန်မာ့ဘိုးစဉ်ဘောင်ဆက်များက ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်းခဲ့ကြသည့် ကျေးဇူးများကြောင့်ပင်ဖြစ်ကြောင်း၊ ရှေးအစဉ်အလာကောင်းများကို အတုယူပြီး မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအရင်းအမြစ်များ၊ တန်ဖိုးထားမှုစံနှုန်းများ မှေးမှိန်ကျဆင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်မှာ မိမိတို့၏ အမွေခံမျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ်ကြောင်း**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် **၇၅ ရက်** သာ လိုတော့သည်။

- ❖ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ၁၆-၉-၂၀၂၅ ရက်နေ့မှစတင်ကာ ၅-၁၂-၂၀၂၅ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း၊
- ❖ လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅) ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅) ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ကြောင်း၊
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြား သံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်း ကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက်ထပ်မံ တိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## ခရီးမဝေးပါ အနီးလေးမှာ

❖ အမည် ကွဲပြား၊ နေရပ် ခြားလည်း
တစ်သားတည်းနေ ၊ တို့တစ်တွေသည်
တစ်မြေတည်းဖွား၊ သွေးချင်းများမို့
အားလုံး **“မြန်မာ”** ဆိုတဲ့စိတ် ။
❖ ဘိုးဘွားအမွေ၊ **“အမိမြေ”** ကို
အရှည်တည်ရန် ၊ တိုးတက်ရန်နှင့်
နိုင်ငံ ခေတ်မီ၊ ဖွံ့ဖြိုး စည်အောင်
ဦးတည် ကြိုးပမ်းလိုတဲ့စိတ်။
❖ မျိုးဆက် နောင်ရေး၊ ကြောင့်ကြဝေးဖို့
လေးမြတ်ရှေးရှု၊ ဆင်ခြင်မှုဖြင့်
လူမှုဘဝ၊ ဖူလုံမျှသည့်
**“လှပသာယာ၊ ပြည်မြန်မာ”** အဖြစ်
ညီညာထူထောင်လိုတဲ့စိတ်။
❖ သည်လိုစိတ်ထား၊ ထပ်, ထပ်ပွားပြီး
မိသားစုကြား၊ ဆွေမျိုးကြားက
သားချင်းအတွေး၊ သွေးချင်းအမြင်
စဉ်လာအရှိ၊ သွေးသားသိဖြင့်
နှိုင်းညှိဆောင်ယူ၊ ချစ်ကြည်ဖြူသော်
ပြည်သူမြော်တွေး၊ **“ငြိမ်းချမ်းရေး”** သည်
မဝေးခရီး အနီးလေးမှာ ။
တို့အားလုံးနဲ့ လက်တစ်ကမ်းအကွာ။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

*စာမျက်နှာ ၈ မှ*

“လုပ်သားကို ခွန်အားနှင့်တန်ရုံသာ ခိုင်းစေခြင်း၊ လုပ်ခရိက္ခာပေးခြင်း၊ ထိခိုက်ဖျားနာသော ဆေးကုပေးခြင်း၊ စားကောင်းသောက်ဖွယ် ဝေငှခြင်း၊ အခါအားလျော်စွာ အားလပ်ခွင့်ပေးခြင်း” ဆိုတဲ့ အလုပ်ရှင်ရဲ့တာဝန်ဝတ္တရားငါးရပ်။

“အိပ်ရာမှစောစောထခြင်း၊ နောက်ကျမှ အိပ်ရာဝင်ခြင်း၊ ခိုးဝှက်မှုမပြုခြင်း၊ အလုပ်ကောင်းကောင်း လုပ်ခြင်း၊ အလုပ်ရှင်ရဲ့ဂုဏ်ကျေးဇူးကို ထုတ်ဖော်မြွက်ကြားခြင်း” ဆိုတဲ့ အလုပ်သမားတို့ဘက်က တာဝန်ဝတ္တရားငါးပါး။

“ထောက်ပံ့ပေးကမ်းခြင်း၊ ချိုချိုသာသာပြောဆိုခြင်း၊ အကျိုးစီးပွားကို ဆောင်ရွက်ခြင်း၊ မိမိနှင့် တန်းတူထားခြင်း၊ စကားသစ္စာတည်ကြည်ခြင်း”ဆိုတဲ့ မိတ်ဆွေအချင်းချင်း ဆောင်ရွက်ရန် တာဝန်ငါးရပ်။

စတဲ့မြတ်ဗုဒ္ဓရဲ့ လူမှုရေးတရားတော်တွေဟာလည်း မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာ မြန်မာ့ဓလေ့ရိုးရာယဉ်ကျေးမှုအဖြစ် ယနေ့တိုင်အမြစ်တွယ်တည်ရှိနေဆဲပါ။

**လောကလူ့ဘောင်ကို**
**အပြန်အလှန်ထိန်းကျောင်းပေးလျက်ရှိ**

ခေတ်ကာလမရွေး လောကီ၊ လောကုတ္တရာ ကောင်းကျိုးအဖြာဖြာကို ပေးစွမ်းနိုင်ရုံမက လောကလူ့ဘောင်ကို အပြန်အလှန်ထိန်းကျောင်း ပေးလျက်ရှိတဲ့ မြတ်ဗုဒ္ဓရဲ့အဆုံးအမတွေကို မြန်မာ့လူ့ဘောင်မှာ သားစဉ်မြေးဆက် လက်ဆင့်ကမ်းလာခဲ့ကြတာဟာ ယနေ့တိုင်ပါပဲ။ ဒီလို မြန်မာ့ဓလေ့ရိုးရာယဉ်ကျေးမှုအဖြစ် ဖြစ်တည်လာခဲ့တဲ့ ကောင်းမြတ်တဲ့ ဓလေ့ထုံးစံတွေ မကွယ်ပ၊ မပျောက်ပျက်အောင်အားလုံးက ထိန်းသိမ်းစောင့်ရှောက်ကြရမှာ ဖြစ်ပါတယ်။

မြန်မာ့စိတ်ရင်းအမှန်ဖြစ်တဲ့ စိတ်ဓာတ်ယဉ်ကျေးမှုစံနှုန်းတွေ တည်ရှိနေသမျှ မြန်မာတို့ရဲ့ဂုဏ်သိက္ခာနဲ့ ဝိသေသလက္ခဏာတွေဟာလည်း ကမ္ဘာ့အလယ်မှာ ထင်ရှားကျော်စော ပျံ့နှံ့နေဦးမှာ ဖြစ်ပါတယ်။ ။

# ရန်ကုန်မြို့၌ စိန့်ပီတာစဘတ်နေ့အခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ စိန့်ပီတာစဘတ်ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ H.E. Mr.Evgeny Grigoriev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် စိန့်ပီတာစဘတ်နေ့အခမ်းအနားကို ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ



H.E. Mr.Evgeny Grigoriev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Iskander Azizov၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စိန့်ပီတာစဘတ်မြို့၏ အထင်ကရနေရာများ၊ မြန်မာနိုင်ငံ၏ အထင်ကရနေရာများ ပါဝင်သည့် ရုပ်သံမှတ်တမ်းနှင့် စိန့်ပီတာစဘတ်မြို့တော်ဝန် H.E. Mr. Alexander Beglov ၏ နှုတ်ခွန်းဆက်ရုပ်သံမိန့်ခွန်းကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း သံအမတ်ကြီးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ ရုရှားရိုးရာ အဆိုအကများဖြင့် လည်းကောင်း၊ ဘယ်လာရုစ်နိုင်ငံမှ အနုပညာရှင်များက တေးသီချင်းများဖြင့် လည်းကောင်း၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ အဆိုအကများဖြင့်လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ မြန်မာ့ယဉ်ကျေးမှုအဆိုအကများဖြင့် လည်းကောင်း ဖျော်ဖြေ တင်ဆက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌတို့က ဖျော်ဖြေတင်ဆက်ကြသည့် ယဉ်ကျေးမှုအဖွဲ့များကို အမှတ်တရပန်းခြင်းများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် စိန့်ပီတာစဘတ်နေ့အထိမ်းအမှတ် ဓာတ်ပုံပြပွဲအခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေး ကော်မတီဥက္ကဋ္ဌနှင့် ရုရှားသံအမတ်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က Lotte Hotel Crystal Ballroom ၌ ဧည့်သည်တော်များနှင့် အခမ်းအနားတက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော် စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌတို့က ဆုတောင်းစကားများ ပြောကြားကြပြီး နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျွမ်းကျင်လုပ်သားများနှင့် စီးပွားရေးလုပ်ငန်းလာရောက်လုပ်ကိုင်သူများ ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ လုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၁၃**

ကျွမ်းကျင်လုပ်သားများနှင့် စီးပွားရေးလုပ်ငန်း လာရောက်လုပ်ကိုင်သူများ ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ လုပ်ငန်းကော်မတီဝင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အာဆီယံနှင့် ညှိနှိုင်းဆောင်ရွက်နေသော လုပ်ငန်းများအနက် ကျွမ်းကျင်လုပ်သားများနှင့် စီးပွားရေးလုပ်ငန်း လာရောက်လုပ်ကိုင်သူများ ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့် သက်ဆိုင်သော လုပ်ငန်းများမှာ လုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်တွင်းပြည်ပ အလုပ်အကိုင်ရရှိရေး၊ နိုင်ငံခြားသားအလုပ်သမားများကို ပြည်တွင်းအလုပ်အကိုင်များတွင် ခန့်ထားရေးတို့ဖြစ်ကြောင်း၊ လုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ မလေးရှားနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ASEAN Year of Skills (2025) တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ကျွမ်းကျင်မှုကွာဟချက်များကို ဖော်ထုတ်သတ်မှတ်ကာ ဒေသတွင်း လိုအပ်သောကျွမ်းကျင်မှု သင်တန်းများကို မျှဝေနိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်လျက် ရှိကြောင်း၊ အာဆီယံဒေသတွင်းကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းကာ HRD Fund တစ်ခုထူထောင်နိုင်ရန် အောက်တိုဘာနောက်ဆုံးပတ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် HRD Fund အစည်းအဝေးတွင် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင် နိုင်ငံများက ဆွေးနွေး ဆုံးဖြတ်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာသူများက ကျွမ်းကျင်လုပ်သားများနှင့် စီးပွားရေးလုပ်ငန်းလာရောက်လုပ်ကိုင်သူများ ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ လုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက် စုဖွဲ့မှုနှင့် လုပ်ငန်းတာဝန်သတ်မှတ်မှု၊ လုပ်ငန်းကော်မတီဝင်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးကြပြီး စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြင်သစ်က နော်ဝေကို အနိုင်ယူပြီး ယူ-၂၀ ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်တက်လှမ်း

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်မှ အောက်တိုဘာ ၁၃ ရက် နံနက် ၅ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် နော်ဝေ ယူ-၂၀ နှင့် ပြင်သစ် ယူ-၂၀ အသင်းပွဲစဉ်တွင် ပြင်သစ် ယူ-၂၀ အသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး- တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

နော်ဝေအသင်းသည် ခြေစွမ်းကောင်းအချို့ ပြသနိုင်ခဲ့သော်လည်း နိုင်ပွဲရသည်အထိ စွမ်းဆောင်နိုင်ခြင်းမရှိခဲ့သောကြောင့် ယခုနှစ် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ကွာတားဖိုင်နယ်မှ လက်ပြနှုတ်ဆက်ခဲ့ရပြီဖြစ်သည်။ ပွဲကစားချိန် ၁၉ မိနစ်တွင် ဆိုင်မွန် ဘူအာဘာရေက ပြင်သစ်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။

ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုး ရရှိရေး ကြိုးပမ်းအားထုတ်လာသော နော်ဝေအသင်းသည် ပြင်သစ်အသင်း ခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်းမရှိသောကြောင့် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။ ပွဲကစားချိန် ၃၇ မိနစ်တွင် ပြင်သစ်အသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဘူအာဘာရေကပင် သွင်းယူပေးခဲ့သည်။

နော်ဝေအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲကစားချိန် ၈၃ မိနစ်တွင် ရက်မတ်စ်ဟိုင်တန်းက သွင်းယူပေးခဲ့သည်။ ထို့နောက် နှစ်သင်းစလုံးလူစားပြောင်းလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပြင်သစ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ပြင်သစ်အသင်းသည် ယူ-၂၀ ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်၌ မော်ရိုကို ယူ-၂၀ အသင်းနှင့်အောက်တိုဘာ ၁၆ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မော်ရိုကိုအသင်းသည် ကွာတားဖိုင်နယ်တွင် နာမည်ကြီး အမေရိကန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာသည့် အသင်း ဖြစ်သည်။

**အောင်ဇော်**

◆ *ကျောဖုံးမှ*

သက်ဆိုင်ရာ အားကစားကွင်းများ၌ ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် ပရိသတ်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက ခုနစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်သုံးဂိုးစီ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

အဆိုပါ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရေဝတီတိုင်းဒေသကြီးတို့တွင် ဇုန်လေးဇုန်ခွဲ၍ အောက်တိုဘာ ၁၈ ရက်အထိ ကျင်းပလျက်ရှိပြီး ရှုံးထွက်ပွဲစဉ်များ၊ တတိယလုပွဲပွဲစဉ်နှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများ၌ အောက်တိုဘာ ၂၁ ရက်၊ ၂၃ ရက်နှင့် ၂၅ ရက်တို့တွင် ဆက်လက် ကျင်းပသွားမည်ဖြစ် သည်။

အောက်တိုဘာ ၁၄ ရက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မွန်းလွဲ ၃ နာရီမှစတင်ကာ တောင်ကြီးမြို့ ပြည်နယ် အားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ရေဝတီတိုင်းဒေသကြီး အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မုံရွာ အောက်တိုဘာ ၁၃**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၃/၂၀၂၅) ကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်း ဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မုံရွာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာခြင်းကို နိုဝင်ဘာလတွင် ဒုတိယအကြိမ်အဖြစ် ထပ်မံ ကပ်ထားကြေညာသွားမည်ဖြစ်သည့်အတွက် အမှန် တကယ်ပါဝင်သင့်သည့် မဲဆန္ဒရှင်စာရင်းများ ကျန်ရှိ မှုမရှိစေရေး၊ မပါသင့်သည့်စာရင်းများ ပါရှိမှုမရှိစေ ရေးနှင့် အချက်အလက်မှားယွင်းခြင်းများကို ယခု ပထမအကြိမ် ကပ်ထားကြေညာစဉ်ကပင် သေချာ စိစစ်ကာ နောက်တစ်ကြိမ် ကပ်ထားကြေညာမည့် စာရင်းတွင် ပြည့်စုံမှန်ကန်မှုရှိစေရေးတို့အတွက် အလေးထားသတိပြုဆောင်ရွက်သွားကြရန် လိုအပ် ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက် ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲ ဆိုင်ရာ အချက်အလက်များနှင့် မဲဆန္ဒနယ်သတ်မှတ် ခြင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းမှန်ကန်မှု ရှိစေရေးအတွက် ကြိုတင်ဆောင်ရွက်နေမှုများ၊ MEVM စက်များ ဖြန့်ဝေထားရှိမှု အခြေအနေများနှင့် ရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက မဲစာရင်းများအားအခြေခံသည့် လူဦးရေ စာရင်းဆိုင်ရာဆောင်ရွက်ထားရှိမှု၊ တိုင်းဒေသကြီး အတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေး၊ ကသာ၊ ကောလင်း၊ ကန့်ဘလူ၊ ခန္တီး၊ စစ်ကိုင်း၊ ရွှေဘို၊ ရေဦး၊ မော်လိုက်၊ ဟုမ္မလင်းခရိုင် စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် မိမိခရိုင်များရှိ မြို့နယ်များ အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် လုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများ နှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံး ချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မုံရွာမြို့ ချင်းတွင်းခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက် ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထမ်းအမှတ် အခမ်း အနားသို့တက်ရောက်၍ အမှာစကားပြောကြား သည်။

အခမ်းအနားတွင် ကုလသမဂ္ဂအတွင်းရေးမှူး ချုပ် Mr.Antonio Guterres ၏ သဝဏ်လွှာရုပ်သံဖိုင် Video Clip နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးကြပြီး တိုင်း ဒေသကြီးဝန်ကြီးချုပ်က အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သူကို လည်း ကောင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်က ဒုတိယ ဆု ရရှိခဲ့သူကိုလည်းကောင်း၊ တိုင်းဒေသကြီး လူမှု ရေးရာဝန်ကြီးက တတိယဆုရရှိခဲ့သူကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုဆုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထား သည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ရေး ပစ္စည်းများနှင့် တိုင်းဒေသကြီးအတွင်း သဘာဝ ဘေးများဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပဲခူးမြို့၌ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ပဲခူး အောက်တိုဘာ ၁၃**

အပြည်ပြည်ဆိုင်ရာ သဘာဝ ဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင် ခြေလျှော့ချရေးနေ့ အထိမ်း အမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော် ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသ ကြီး သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုး ဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင် နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ များနှင့် တာဝန်ရှိသူများ တက် ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသ ကြီးဝန်ကြီးချုပ်က ၂၀၂၃ ခုနှစ် နှင့် ၂၀၂၄ ခုနှစ်တို့တွင် မကြုံစဖူး ထူးကဲသည့် ပဲခူးမြစ်ရေကြီးမှု ဖြစ်ပေါ်ခဲ့မှုအပေါ် ယခုနှစ်တွင် ပဲခူးမြစ်ရေကြီးမှု လျော့ပါး သက်သာစေရန်အတွက် ဘဏ္ဍာ ငွေများကို တိုးမြှင့်သုံးစွဲပြီး ပဲခူး မြစ် ရေဘေးကာကွယ်ရေး တာများကို အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ပဲခူးမြစ်၏ စိုးရိမ်ရေအမှတ်သို့ အကြိမ်ကြိမ် ရောက်ရှိခဲ့သော်လည်း ပြည်သူ များ ပြောင်းရွှေ့ခဲ့ရမှု မရှိခဲ့ကြောင်း၊ တိုင်းဒေသကြီးအတွင်း သဘာဝ ဘေးကြောင့် ထိခိုက်မှုလျော့ပါး သက်သာစေရေးအတွက် ကဏ္ဍစုံ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ကို စိစစ်ဖော်ထုတ်၍ အရှိန်အဟုန် မြှင့် အလေးထားဆောင်ရွက်သွား ရမည်ဖြစ်ကြောင်း၊ သဘာဝ ဘေးအန္တရာယ်ကြောင့် ထိခိုက် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်း စဉ်များ ဆောင်ရွက်ရာတွင် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရွက်ရမည့် တုံ့ပြန်မှု လုပ်ငန်းစဉ်များကို စနစ်တကျ ဆောင်ရွက်ရန်၊ ခေတ်နှင့်အညီ တိုးတက်နေသည့် နည်းပညာများ ကို မျက်ခြည်မပြတ် လေ့လာ အသုံးပြုရန်၊ အဆောက်အအုံ၊ လမ်း၊ တံတားများကို ပြဋ္ဌာန်းထား သည့်စံချိန်စံညွှန်းအတိုင်း လိုက်နာ ဆောင်ရွက်သွားမှသာ သဘာဝ ဘေးအန္တရာယ်ကြောင့် ထိခိုက် ဆုံးရှုံးနိုင်ခြေ လျှော့ချနိုင်မည် ဖြစ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် လူမှုစီးပွားဘဝများကို ဖော်ဆောင် ပေးနိုင်မည်ဖြစ်ကြောင်း ပြော ကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ သဘာဝ ဘေးအန္တရာယ် ထိခိုက်ဆုံးရှုံး နိုင်ခြေ လျှော့ချရေးနေ့ အထိမ်း အမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိ သူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့် ကြပြီး ကုလသမဂ္ဂအတွင်းရေးမှူး ချုပ် Mr. Antonio Guterres ၏ သဝဏ်လွှာရုပ်သံဖိုင်နှင့် သဘာဝ ဘေး လျှော့ပါးရေးလှုပ်ရှားမှု မှတ်တမ်းဗီဒီယိုပြသမှုကို ကြည့်ရှု ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ သည် ခင်းကျင်းပြသထားသည့် အပြည်ပြည်ဆိုင်ရာ သဘာဝ ဘေးအန္တရာယ် ထိခိုက်ဆုံးရှုံး နိုင်ခြေ လျှော့ချရေးနေ့ အထိမ်း အမှတ်ပြခန်းများကို လှည့်လည် ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

❒ *ကျော်ဖုံးမှ*

KIA/KPF အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင် ၁၁ ဦးသည် ယနေ့တွင် ဥပဒေဘောင် အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည် ဝင်ရောက်လာကြသည့် KIA/KPF အကြမ်း ဖက်အဖွဲ့မှ အဖွဲ့ဝင် ၁၁ ဦးတို့ကို တာဝန် ရှိသူများက ကြိုဆိုလက်ခံ၍ မိဘ အုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပွဲကို ယနေ့တွင် ကချင်ပြည်နယ် ပူတာအိုမြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန် ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက် ရောက်ကြသည်။

ဦးစွာ ပူတာအိုတပ်နယ်မှ တာဝန် ရှိသူတစ်ဦးက နယ်မြေတည်ငြိမ်အေးချမ်း ရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာပုဒ်မ များနှင့် ပတ်သက်၍ အသိပညာပေးရှင်း လင်းပြောကြားသည်။ ထို့နောက် တာဝန် ရှိသူများက ဥပဒေဘောင်အတွင်းပြန်လည် ဝင်ရောက်လာကြသူများအား ဝန်ခံကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူ များထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးကြ သည်။ ယင်းနောက် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး လိုအပ်သည့် ကူညီပံ့ပိုးမှု များ ဆောင်ရွက်ပေးကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထံ ရောက်ရှိနေ သော KIA/KPF အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်း ခံကြရခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်း ဆင်းရဲစွာ နေထိုင်ရခြင်း၊ လူမျိုးရေးခွဲခြား ဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်း နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အကြမ်းဖက် အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ် မဲ့ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံ အဆောက်အအုံများနှင့် လမ်း၊ တံတား များကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီး ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင် လိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ် ကိုစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်းဖြစ် ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည် ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှု များ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူ များထံသို့ စနစ်တကျ ပြန်လည်လွှဲအပ် ပေးလျက်ရှိသည့်အတွက် ဥပဒေဘောင် အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒ ရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လိုသူများအနေဖြင့် နီးစပ်ရာ တပ်စခန်း များနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံ ပြီး လိုအပ်သည့် ကူညီထောက်ပံ့မှု များ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေး ငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မန္တလေးဇုန်(ဇုန်-၁) အားကစားပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန၊ ပညာရေးဒီဂရီကောလိပ် ပေါင်းစုံ မန္တလေးဇုန်(ဇုန်-၁) အားကစားပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအား အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ အားကစားပြိုင်ပွဲကို အောက်တိုဘာ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မန္တလေး၊ မုံရွာ၊ မိတ္ထီလာ၊ တောင်ကြီး၊ လွိုင်ကော်၊ ကျိုင်းတုံ၊ မကွေး၊ ပခုက္ကူ၊ စစ်ကိုင်း စသည့် ပညာရေးဒီဂရီကောလိပ်ကိုးခုမှ ကျောင်းသား ကျောင်းသူ အားကစားသမားများ အသင်းလိုက်ဘောလုံး(အမျိုးသား)၊ ပိုက်ကျော်ခြင်း(အမျိုးသား)၊ ဘော်လီဘော (အမျိုးသား၊ အမျိုးသမီး)၊ ပြေးခုန်ပစ်(အမျိုးသား၊ အမျိုးသမီး) အားကစားနည်း လေးမျိုးဖြင့် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံးမြို့တော်ခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် မဟာမုနိဘုရားကြီးနှင့်ဘုရားကြီးပရိဝုဏ်အတွင်းရှိ သာသနိက အဆောက်အအုံများ ထိခိုက်ပြိုကျ ပျက်စီးမှုများ ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှုကိုလည်းကောင်း၊ အမရပူရမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင်သံသေကပ်ကျော်ဆုတောင်းပြည့်ဘုရားကြီး ပြန်လည်ပြုပြင်မွမ်းမံနေမှုကိုလည်းကောင်း၊ ထိခိုက်ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်း-မန္တလေးလမ်းဟောင်းပေါ်ရှိ စစ်ကိုင်းတံတား(အင်းဝ) တံတားသံပေါင်အချို့ကို ရေကြောင်းသွားလာမှုများ အဆင်ပြေစေရေးအတွက် စနစ်တကျဖယ်ရှားခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိစစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက် လာကြသူများက အဖွင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် အောက်တိုဘာ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော် အခြေခံပညာအထက်တန်းကျောင်းများရှိ Grade-12 ကျောင်းသား ကျောင်းသူများအား Naypyitaw State Academy တွင် သင်ကြားလျက်ရှိသော ဘာသာရပ်များအကြောင်း မိတ်ဆက်

**နေပြည်တော် အောက်တိုဘာ ၁၃**

နေပြည်တော် အခြေခံပညာအထက်တန်းကျောင်းများရှိ Grade-12 ကျောင်းသား ကျောင်းသူများအား Naypyitaw State Academy တွင် သင်ကြားပို့ချလျက်ရှိသော ဘာသာရပ်များ မိတ်ဆက်ခြင်းအစီအစဉ်ကို နေပြည်တော် ရှစ်မြို့နယ်ရှိအခြေခံပညာအထက်တန်းကျောင်းများ၌ အောက်တိုဘာ ၁၃ရက်မှ ၁၆ ရက်အထိ ဆောင်ရွက်လျက်ရှိသည်။

**မိတ်ဆက်ရှင်းလင်း**

ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်းများ၌ ဝိဇ္ဇာပညာ၊ ဥပဒေပညာ၊ စီးပွားရေးပညာ၊ ဆေးပညာဘာသာရပ်များကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် တပ်ကုန်းမြို့နယ် အောင်ဆန်းခန်းမတို့၌ သိပ္ပံပညာ၊ ဝိဇ္ဇာပညာ၊ အားကစားပညာ၊ လူမှုရေးပညာဘာသာရပ်များကိုလည်းကောင်း ဘာသာရပ်ဌာန အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများက မိတ်ဆက်ရှင်းလင်းကြသည်။

Naypyitaw State Academy တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ စာကြည့်တိုက်နှင့် သုတပညာ၊ သံတမန်ရေးရာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ကုန်ထုတ်ဓာတုဗေဒ၊ နျူကလီးယားရူပဗေဒ၊ ဥပဒေပညာ(LLB, BA (Law))၊ ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းပညာ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ၊ ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာ၊ စီးပွားရေးပညာ၊ အားကစားပညာ၊ လူမှုရေးပညာနှင့် ဆေးပညာ အထူးပြုဘာသာရပ်များ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ၂၀၂၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့

## World Food Day 2025

## "အနာဂတ်စားရေရိက္ခာဖူလုံဖို့ လက်တွဲဆောင်ရွက်ကြပါစို့"

## (Hand in Hand for Better Foods and a Better Future)

## အောက်တိုဘာလ ၁၆ ရက်နေ့

# ကနီမြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် အောက်တိုဘာ ၁၃**

အောက်တိုဘာ ၁၃ ရက် မြန်မာစံတော်ချိန် ၁၂ နာရီ ၁၀ မိနစ် ၃၀ စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့-အရှေ့တောင်ဘက် ၆၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ကနီမြို့၏ အနောက်ဘက် (၂၁) မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၄၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၅၂ ဒီဂရီ၊ အနက် ၈၄ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခဲ့ကြောင်း တိုင်းထွာရရှိသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းများနှင့် ဆန္ဒမဲပေးပိုင်ခွင့်

မောင်စံကြီး

အခုတလော မောင်စံကြီးတို့ ဝန်ထမ်းလောကမှာ စိုးရိမ်စိတ်နဲ့ပြောနေကြတဲ့ စကားသံတွေ ကြားနေရပါတယ်။ အထူးသဖြင့်တော့ နေပြည်တော်က ဝန်ကြီးဌာနတွေနဲ့ လက်အောက်ရုံးချုပ်ဌာနတွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းတွေရဲ့ မဲပေးခွင့် ကိစ္စပါ။ ရွေးကောက်ပွဲဥပဒေမှာ မိမိအမြဲတမ်းနေထိုင်တဲ့လိပ်စာရှိရာ လဝကပုံစံ (၆၆/၆) ရှိတဲ့ နေရာမှာပဲ မိမိမဲစာရင်း ပါမှာဖြစ်လို့ အမြဲတမ်းနေထိုင်ရာ နေရာမှာပဲ ပြန်ပြီး မဲပေးရမယ့် သဘောလို့ နားလည်ထားကြလို့ပါ။ တကယ်တော့ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေတွေမှာ ဒေသတစ်ခုက အခြားဒေသတစ်ခုကို နိုင်ငံ့တာဝန်အရပဲဖြစ်ဖြစ်၊ အခြားလူမှုရေး၊ စီးပွားရေးအရဖြစ်ဖြစ် ပြောင်းရွှေ့နေထိုင်ရတဲ့သူတွေကို အရင်နေထိုင်တဲ့နေရာကနေ လက်ရှိပြောင်းရွှေ့နေထိုင်တဲ့ နေရာကို မဲစာရင်း ပြောင်းနိုင်မယ့် အခွင့်အရေးပေးထားပါတယ်။

### ဝန်ထမ်းတွေ မဲပေးခွင့် မဆုံးရှုံးရအောင်

ဝန်ထမ်းတွေရဲ့ စိုးရိမ်ပူပန်မှုတွေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ရိပ်စားမိလို့ ထင်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပထမအကြိမ် မဲစာရင်း စကပ်တဲ့ ၃၀-၉-၂၀၂၅ ရက်နေ့ရဲ့နောက်တစ်နေ့ ၁-၁၀-၂၀၂၅ ရက်နေ့ ဝန်ထမ်းတွေ မဲပေးခွင့် မဆုံးရှုံးရအောင် ဥပဒေနှင့်အညီ ဆောင်ရွက်ရမယ့် နည်းလမ်းတွေကို ဝန်ကြီးဌာန အသီးသီးကို အကြောင်းကြားခဲ့ပါတယ်။

မောင်စံကြီးတို့ ဝန်ကြီးဌာနကတော့ သီတင်းကျွတ်ပိတ်ရက်ပြန်အတက်မှာ ဝန်ထမ်းတွေအားလုံးကို အသိပေးထားလို့ သိပြီးပါပြီ။ အချို့ရုံးတွေကတော့ ရုံးပိတ်ရက်ပြန် အတက်မှာ ဌာနအကြီးအကဲတွေ အလုပ်များနေကြလို့ အသိနောက်ကျတာလည်း ဖြစ်နိုင်ပါတယ်။ ဌာနက ညွှန်ကြားရေးမှူး ရှင်းပြတာကတော့ ကျွန်တော်တို့အနေနဲ့ လက်ရှိနေရာမှာ ရက်ပေါင်း ၁၈၀ ထက်မနည်း နေထိုင်ခဲ့ရင်၊ ကျွန်တော်တို့ အမြဲတမ်းနေရပ်ကိုလည်း ပြန်ပြီးမဲပေးလိုတဲ့ ဆန္ဒမရှိရင် ကိုယ့်ဌာနအကြီးအမှူးရဲ့ ထောက်ခံချက်နဲ့ ပုံစံ (၃-က) လို့ခေါ်တဲ့ ရွေးကောက်ပွဲ လျှောက်လွှာပုံစံနဲ့ ကျွန်တော့်အတွက်ဆိုရင်တော့ လက်ရှိနေထိုင်ရာ ဝန်ထမ်းအိမ်ရာရှိတဲ့ ဝဏ္ဏသိဒ္ဓိရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ ထပ်ဆင့်ထောက်ခံချက်နဲ့ဇမ္ဗူသီရိမြို့နယ် ကော်မရှင်အဖွဲ့ခွဲကို လျှောက်လိုက်ရုံပဲ။

### ရက်ပေါင်း ၁၈၀ ဆိုတဲ့ သတ်မှတ်ချက်က ဘောင်ဝင်

ထောက်ခံချက်ယူတဲ့ကိစ္စကလည်း ဌာနတာဝန်ခံ ထောက်ခံမယ့်နေရာနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထပ်ဆင့်ထောက်ခံရမယ့်နေရာက ပုံစံ (၃-က) မှာ တစ်ခါတည်း ထည့်ထားတာ။ သီးခြားစာရွက်ပုံစံ မလိုပါဘူး။ ပုံစံ(၃-က) ကလည်း ရပ်ကွက်ကော်မရှင်မှာ အလကားရပါတယ်။ ကျွန်တော်တို့ကတော့ UEC Website က ယူလိုက်ပါတယ်။ ကျွန်တော်က နေပြည်တော်မှာ တာဝန်ကျတာ သုံးနှစ်နီးပါး ရှိပြီဆိုတော့ အနည်းဆုံး ရက်ပေါင်း ၁၈၀ ဆိုတဲ့ သတ်မှတ်ချက်က ဘောင်ဝင်ပါတယ်။

ကျွန်တော့်အမြဲတမ်းနေရပ်က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၄) ရပ်ကွက်ဆိုတော့ ကျွန်တော်ပြန်ပြီး မဲသွားပေးဖို့ သွားလာရတဲ့ စရိတ်၊ ရုံးမှာကလည်း မဲပေးမယ့်အချိန် အလုပ်များနေမှာဆိုတော့ မိမိနေရပ်ပြန်ပြီး မဲပေးဖို့က အခက်အခဲရှိတဲ့အတွက် ကျွန်တော်ရော ကျွန်တော့်ဇနီးပါ ပုံစံ(၃-က)နဲ့ ညွှန်ကြားရေးမှူးချုပ် ထောက်ခံချက်နှင့် ဝဏ္ဏသိဒ္ဓိရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ ထပ်ဆင့်ထောက်ခံချက်နဲ့ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲကို ပေးပို့ထားပြီးပါပြီ။

ကျွန်တော်တို့ ညွှန်ကြားရေးမှူးချုပ်က ကျွန်တော်တို့ဌာနမှ ကျွန်တော့်လို လက်ရှိနေတဲ့ နေရာမှာ မဲစာရင်းပါအောင် ပုံစံ (၃-က) နဲ့ လျှောက်တဲ့စာရင်းတွေကို စုစည်းပြီး ဝန်ကြီးရုံးကို ပို့တယ်လည်း ကြားတယ်။ ဝန်ကြီးရုံးကတော့ ဝန်ကြီးဌာနတစ်ခုလုံးရဲ့ ပုံစံ (၃-က) နဲ့တောင်းဆိုတဲ့ မဲဆန္ဒရှင် စာရင်းတွေကို စုစည်းပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပို့ဖို့လုပ်နေတယ်လည်း ကြားပါတယ်။

ဒီအတိုင်းပဲ ကျွန်တော့်ညီအရင်းက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှာ တာဝန်ကျလို့ သွားနေတာ တစ်နှစ်တောင်ကျော်နေပြီ။ သူလည်း ကျွန်တော်နဲ့ ကမာရွတ်မြို့နယ် (၄) ရပ်ကွက်မှာပဲ အိမ်ထောင်စု စာရင်း(၆၆/၆) ရှိတာဆိုတော့ သူ့မဲစာရင်းလည်း ရန်ကုန်မြို့ ကမာရွတ်မြို့နယ်မှာပဲ ပါမှာ။ သူလည်း ရန်ကုန်ပြန်ပြီး မဲပေးဖို့ မဖြစ်နိုင်တော့ ကျွန်တော့်လိုပဲ ပုံစံ (၃-က) နဲ့ ဌာနရဲ့ ခရိုင်တာဝန်ခံထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထပ်ဆင့်ထောက်ခံချက်နဲ့ ဟင်္သာတကော်မရှင်အဖွဲ့ခွဲမှာ လျှောက်ထားတယ်လို့ပြောတယ်။

### ချက်ချင်းပေးနိုင်တဲ့ အချက်အလက်တွေ

ပုံစံ (၃-က) နဲ့ တောင်းရမှာဆိုတော့ ဘာတွေ ပုံစံမှာ ဖြည့်ရမှာလဲ၊ ခက်ခက်ခဲခဲလား၊ ဘာအထောက်အထားတွေလိုလဲ မေးခွန်းတွေ ရှိလာနိုင်ပါတယ်။ ကျွန်တော် ပုံစံ (၃-က) ကို ဖြည့်ပြီးပါပြီ။ လွယ်ကူရိုးရှင်းပါတယ်။ ကိုယ့်အမည်၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်၊ အဘအမည်၊ အမိအမည်၊ ကိုယ့်အလုပ်အကိုင် စတဲ့ကိုယ်အလွယ်တကူ ချက်ချင်းပေးနိုင်တဲ့ အချက်အလက်တွေပါပဲ။ နောက်အရေးကြီးတာက လက်ရှိနေရပ်လိပ်စာနဲ့ ကိုယ့်ရဲ့ အမြဲတမ်း နေရပ်လိပ်စာကို ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ် အပြည့်အစုံထည့်ရတယ်။

ဒါကလည်း ကိုယ့်ရဲ့ ပုံစံ (၆၆/၆) ရှိတဲ့ နေရာမှာ ကိုယ့်မဲစာရင်း ပါနေမှာဆိုတော့ မဲစာရင်း မဖောင်းပွအောင် စိစစ်ပြီး မူလနေရပ်က မဲစာရင်းကို ဥပဒေနှင့်အညီ ဖျက်ရမှာပါ။ ကိုယ်က လက်ရှိနေရာမှာ ရက်ပေါင်း ၁၈၀ အနည်းဆုံး နေထိုင်ပြီးပြီဆိုတာရယ်၊ အခြားနေရာတွေက မဲစာရင်းတွေမှာ ပါဖို့တောင်းဆိုတာ မရှိဘူးလို့ ဝန်ခံလက်မှတ်ထိုးတာတို့ရယ် ဒါပါပဲ။ ဘာမှခက်ခဲတာ မဖြည့်နိုင်စရာ အချက်မရှိပါဘူး။ ဒီတော့ဗျာ ကျွန်တော်တို့ ဝန်ထမ်းတွေ မိမိအမြဲတမ်းနေထိုင်တဲ့ နေရပ်ကိုပြန်ပြီး မဲပေးဖို့ အခက်အခဲရှိတာ သိလို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ ဝန်ကြီးဌာနတွေက ပူးပေါင်းညှိနှိုင်းစီစဉ်ထားပြီးဖြစ်လို့ လက်ရှိနေရပ်မှာ မဲပေးနိုင်ဖို့ ပုံစံ (၃-က) နဲ့သာ ကိုယ့်အမည် မဲစာရင်းမှာ ပါဝင်အောင်ဆောင်ရွက်ကြဖို့ တိုက်တွန်းပါတယ်ခင်ဗျာ။ ။

◆ **ဝန်ထမ်းတွေရဲ့ စိုးရိမ်ပူပန်မှုတွေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ရိပ်စားမိလို့ ထင်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပထမအကြိမ် မဲစာရင်းစကပ်တဲ့ ၃၀-၉-၂၀၂၅ ရက်နေ့ရဲ့ နောက်တစ်နေ့ ၁-၁၀-၂၀၂၅ ရက်နေ့ ဝန်ထမ်းတွေ မဲပေးခွင့် မဆုံးရှုံးရအောင် ဥပဒေနှင့်အညီ ဆောင်ရွက်ရမယ့် နည်းလမ်းတွေကို ဝန်ကြီးဌာနအသီးသီးကို အကြောင်းကြားခဲ့ပါတယ်**

ပုံစံ (၃-က)

**လွှတ်တော်ရွေးကောက်ပွဲများ**
**မဲစာရင်းတွင် ထည့်သွင်းပေးပါရန် တောင်းဆိုလွှာ**
[ နည်းဥပဒေ ၁၀ (က) ]

သို့

ဥက္ကဋ္ဌ
----------------မြို့နယ်ကော်မရှင်အဖွဲ့ခွဲ
---------------------------- မြို့

မှတစ်ဆင့်

ဥက္ကဋ္ဌ
----------------ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

(၁) တောင်းဆိုသူအမည် ---------------------------
(၂) ကျား/မ ---------------------------
(၃) မွေးသက္ကရာဇ် ---------------- အသက်(     )
(၄) မှတ်ပုံတင်အမှတ် ---------------------------
(၅) အဘအမည် ---------------------------
(၆) အမိအမည် ---------------------------
(၇) လက်ရှိနေရပ်လိပ်စာ ---------------------------
---------------------------
(၈) အလုပ်အကိုင် ---------------------------
(၉) လက်ရှိလုပ်ကိုင်နေသော ကုမ္ပဏီ/လုပ်ငန်း အမည် ---------------------------
(၁၀) အမြဲတမ်းနေရပ်လိပ်စာ ---------------------------
---------------------------
(၁၁) အမြဲတမ်းနေရပ်၏ ---------------------------
ရပ်ကွက်/ကျေးရွာအုပ်စုအမည် ---------------------------
(၁၂) အမြဲတမ်းနေရပ်၏မြို့အမည် ---------------------------
(၁၃) အမြဲတမ်းနေရပ်၏မြို့နယ်အမည်---------------------------

တောင်းဆိုသူသည်မြန်မာနိုင်ငံသား/ ဧည့်နိုင်ငံသား / နိုင်ငံသားပြုခွင့်ရသူဖြစ်ပြီး မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်ပါသည်။ တောင်းဆိုသူသည် အထောက်အထားအဖြစ် အောက်ပါစာရွက်စာတမ်းများ သို့မဟုတ် သက်သေများကို တင်ပြပါသည် -

------------------------------------------
------------------------------------------

၂

**ဝန်ခံချက်**

အထက်ပါအချက်များအားလုံးမှန်ကန်ပါသည်။ တောင်းဆိုသူသည် လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်သူဖြစ်ပြီး မည်သည့်အခြားမဲဆန္ဒနယ်၏ မဲစာရင်းတွင်မျှ ပါဝင်ရန် တောင်းဆိုထားခြင်း မရှိပါ။

တောင်းဆိုသူ၏ လက်မှတ် သို့မဟုတ်
လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ --------------------------

**လုပ်ငန်းတာဝန်ခံ /လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက်**

အထက်ပါ လျှောက်ထားသူ ဦး/ဒေါ် ----------------------သည် မိမိတို့ ဌာန/ကုမ္ပဏီ/လုပ်ငန်းတွင် -------------------- အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း လုပ်ကိုင်လျက်ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ထောက်ခံပါသည်။

လုပ်ငန်းတာဝန်ခံ /
လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏လက်မှတ်

ရက်စွဲ၊ --------------------------

**မှတ်ချက်။** အခြားပုဂ္ဂိုလ်များအတွက်ဖြစ်လျှင် ဌာနတာဝန်ခံ သို့မဟုတ် လုပ်ငန်းရှင်/လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက် ဖြည့်စွက်ရန်မလို။

**ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်**

လျှောက်ထားသူ ဦး/ဒေါ် -----------------------သည် ------------------ဌာန/ကုမ္ပဏီ/လုပ်ငန်းတွင် -------------------- အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း အလုပ်လုပ်ကိုင်လျက်ရှိကြောင်း / လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်သူဖြစ်ကြောင်း ထောက်ခံပါသည်။

ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး
--------------------ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး

ရက်စွဲ၊ --------------------------

# ဟားမားစ်အဖွဲ့က ဂါဇာကမ်းမြောင်၌ ဖမ်းဆီးထိန်းသိမ်းထားသော ဓားစာခံ ၂၀ ကို ပြန်လွှတ်ပေး

**ဂါဇာ အောက်တိုဘာ ၁၃**

ဂါဇာကမ်းမြောင်၌ ဟားမားစ်အဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားသော သက်ရှိဓားစာခံ ၂၀ကို ပြန်လွှတ်ပေးကာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီထံ လွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း အစ္စရေး စစ်ဘက်က ပြောသည်။

ဓားစာခံ ၄၈ ဦးအနက် ၂၀ သာလျှင် အသက်ရှင်လျက်ရှိနေသေးသည်ဟု အစ္စရေးဘက်က ယုံကြည်ထားသည်။ အစ္စရေးစစ်ဘက်၏ ထုတ်ပြန်ချက်အရ ၎င်းတို့အားလုံးကို အောက်တိုဘာ ၁၃ ရက်တွင် အစ္စရေးဘက်သို့ လွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ လုပ်ဆောင်မှုမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အဆိုပြုသော အစီအစဉ်အရ အောက်တိုဘာ ၁၀ ရက်တွင် စတင်အသက်ဝင်ခဲ့သည့် အစ္စရေးနှင့် ဟားမားစ်အဖွဲ့တို့အကြား ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူညီချက်၏ နောက်ဆက်တွဲဖြစ်သည်။

သဘောတူညီချက်ပထမအဆင့်အရ ဟားမားစ်အဖွဲ့သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစတင်ချိန်မှစ၍ ၇၂ နာရီအတွင်း သို့မဟုတ် အောက်တိုဘာ ၁၃ ရက် မွန်းလွဲပိုင်းအထိ သေဆုံးဓားစာခံအလောင်းများအပါအဝင် ဓားစာခံအားလုံးကို ပြန်လွှတ်ပေးရမည်ဖြစ်သည်။ သို့သော်လည်း ရုပ်အလောင်းအားလုံး ပြန်လည်ရရှိရေးတွင် အချိန်ကြန့်ကြာနိုင်ကြောင်း သိရသည်။

သဘောတူညီထားသည့်အတိုင်း အဆိုပြုထားသော အစီအစဉ်ကို ဆက်လက်လုပ်ဆောင်မည်လားဆိုသည်ကို ယခုအချိန်တွင် အများကအာရုံစိုက်နေကြကြောင်း သိရသည်။ ဟားမားစ်အဖွဲ့သည် အစီအစဉ်၏ နောက်ပိုင်းအဆင့်များမှ အချို့အချက်များကို ဆန့်ကျင်ကန့်ကွက်ထားကြောင်းလည်း အရိပ်အမြွက်ပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**



ဂါဇာကမ်းမြောင်မှ လွှတ်ပေးလိုက်သော အစ္စရေးဓားစာခံများ တင်ဆောင်လာသည့် ယာဉ်တန်း အစ္စရေး နိုင်ငံတောင်ပိုင်း ရိမ်းဒေသအနီးရှိ စစ်ဘက်အခြေစိုက်စခန်းတစ်ခုသို့ ဆိုက်ရောက်လာစဉ်။

# ဆန်းသစ်တီထွင်မှုဖြင့် စီးပွားရေးတိုးတက်အောင်မြင်မှုကိုရှင်းပြနိုင်ခဲ့သည့် ပညာရှင်များကို ၂၀၂၅ ခုနှစ် စီးပွားရေးသိပ္ပံဆိုင်ရာ နိုဘယ်ဆုချီးမြှင့်

**စတော့ဟုမ်း အောက်တိုဘာ ၁၃**

ဆန်းသစ်တီထွင်မှုဖြင့် စီးပွားရေး တိုးတက်အောင်မြင်မှုကို ရှင်းပြနိုင်ခဲ့သည့်အတွက် ဂျိုဝယ်မော့ခါ၊ ဖီးလစ်အက်ဟီယွန်နှင့် ပီတာဟိုးဝစ်တို့ကို ၂၀၂၅ ခုနှစ် စီးပွားရေး သိပ္ပံဆိုင်ရာ နိုဘယ်ဆုချီးမြှင့်ခဲ့သည်ဟု တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီက ဖော်ပြခဲ့သည်။




မော့ခါသည် နေသ်ဝက်စတန်းတက္ကသိုလ်၏ ပါမောက္ခတစ်ဦးဖြစ်သည်။ အက်ဟီယွန်သည် ပြင်သစ်ကောလိပ်မှ ပါမောက္ခတစ်ဦးဖြစ်သည်။ ဟိုးဝစ်သည် ဘရောင်းတက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်သည်။

မော့ခါသည် စဉ်ဆက်မပြတ်တိုးတက်မှု၏ အကြောင်းရင်းများကို ဖော်ထုတ်ရန် နည်းလမ်းတစ်ခုအဖြစ်သမိုင်းအရင်းအမြစ်များကို အသုံးပြုခဲ့ခြင်းက မတူကွဲပြားသည့် ပုံစံသစ်တစ်မျိုးဖြစ်လာခဲ့သည်ဟု အကယ်ဒမီက ပြောသည်။

ထိုကဲ့သို့သော ပြောင်းလဲတိုးတက်မှုအတွက် လိုအပ်သော အချက်တစ်ချက်မှာ လူ့အဖွဲ့အစည်းတစ်ခုလုံးသည် ပြောင်းလဲရန် ပွင့်လင်းမြင်သာရှိရမည်ဖြစ်သည်။

အက်ဟီယွန်နှင့် ဟိုးဝစ်တို့သည် တီထွင်ဖန်တီးမှုဆိုင်ရာ အပျက်အစီး (creative destruction) ဟုခေါ်သည့် သင်္ချာဆိုင်ရာ စံနမူနာတစ်ခုကို တီထွင်ခဲ့သည်။ ယင်းဖြစ်စဉ်တွင် ပိုမိုကောင်းမွန်သည့် အသစ်အသစ်သော ထုတ်ကုန်များ ဈေးကွက်သို့ ဝင်ရောက်လာသည့် အချိန်တွင် အဟောင်း ထုတ်ကုန်များကို ရောင်းချသည့် ကုမ္ပဏီများက ဆုံးရှုံးသွားကြသည်။

၎င်းလုပ်ငန်းစဉ်သည် ရေရှည်တည်တံ့ခိုင်မြဲသော တိုးတက်မှုဆီသို့ ဦးတည်သည့် ဖြစ်စဉ်တစ်ခုဖြစ်သည်ကို ၎င်းတို့နှစ်ဦး သဘောပေါက်ခဲ့သည်။

အဘယ်ကြောင့် ၎င်းဖွံ့ဖြိုးတိုးတက်မှု ဖြစ်နိုင်သနည်းနှင့် ဆက်လက် တိုးတက်မှုအတွက် မည်သည့်အရာကို လိုအပ်မည်နည်းဆိုသည့် အချက်များကို နည်းလမ်းပေါင်းစုံသုံးပြီး ပညာရှင်များက ရှင်းလင်းပြသခဲ့သည်ဟု အကယ်ဒမီက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဩဂုတ်လအတွင်း နယူးဇီလန်နိုင်ငံသို့ ခရီးသွားဝင်ရောက်မှု ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးလာ

**ဝယ်လင်တန် အောက်တိုဘာ ၁၃**

၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း နယူးဇီလန်နိုင်ငံသို့ ခရီးသည်ဝင်ရောက်မှုမှာ ၂၃၀၃၀၀ အထိ တိုးလာကြောင်း သိရသည်။ အဆိုပါ အရေအတွက်မှာ ၂၀၂၄ ခုနှစ် ဩဂုတ်လကထက် လူပေါင်း ၁၆၀၀၀ သို့မဟုတ် ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးလာကြောင်း အောက်တိုဘာ ၁၃ ရက် ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း နိုင်ငံခြားမှ လာရောက်သူ ၃ ဒသမ ၄၁ သန်းနှင့် နယူးဇီလန်ဒေသခံခရီးသည် ၃ ဒသမ ၀၆ သန်းရှိကြောင်းနှင့် ဩဂုတ်လအတွင်း နယ်စပ်ဖြတ်ကျော်မှုစုစုပေါင်း ၁ ဒသမ ၀၁ သန်း ရှိကြောင်း စာရင်းအင်းဌာန၏ အချက်အလက်များ သိရသည်။

ခရီးသွားလုပ်ငန်းသည် နယူးဇီလန်နိုင်ငံ၏ ဒုတိယအမြင့်ဆုံး ပို့ကုန်ဝင်ငွေရရှိပြီး နိုင်ငံ၏စီးပွားရေး ပြန်လည်ကောင်းမွန်ရန် အဓိကအစိတ်အပိုင်းဖြစ်ကြောင်း ခရီးသွားလာရေးနှင့် ဧည့်ဝတ်ကျေပွန်ရေး ဝန်ကြီး လော်ဆီအတ်စတန်က ပြောကြားသည်။

**ဆင်ဟွာ**



# ဗီယက်နမ်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း မတ်မိုကြောင့် အမေရိကန်ဒေါ်လာ သန်း ၃၃၀ ကျော်ဖိုး ဆုံးရှုံး

**ဟနွိုင်း အောက်တိုဘာ ၁၃**

ဗီယက်နမ်နိုင်ငံတွင် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းအထိ တိုင်ဖွန်းမုန်တိုင်းမတ်မိုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ခန့်မှန်းခြေ ဗီယက်နမ်ဒေါင် ၈ ဒသမ ၇ ထရီလီယံကျော် (အမေရိကန်ဒေါ်လာ ၃၃၀ ဒသမ ၃ သန်းခန့်) ရှိသည်ဟု ဗီယက်နမ် သဘာဝဘေးအန္တရာယ်နှင့် ဆည်မြောင်း စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့ကို ကိုးကားပြီး ဗီယက်နမ်သတင်းဌာနက အစီရင်ခံဖော်ပြထားသည်။



တိုင်ဖွန်းမုန်တိုင်း မတ်မိုကြောင့် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ထိုင်းငုယင်ပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားစဉ်။

နိုင်ငံမြောက်ပိုင်း ထိုင်းငုယင်ပြည်နယ်သည် အမေရိကန်ဒေါ်လာ ၁၅၁ ဒသမ ၉ သန်းခန့်ဖြင့် ဆုံးရှုံးမှုအများဆုံး ပြည်နယ်ဖြစ်ကြောင်း သိရသည်။ ဝန်ကြီးချုပ် ဖမ်မင်ချင်းသည် ရေကြီးရေလျှံမှုနောက်ဆက်တွဲ ပြဿနာရပ်များကို ဖြေရှင်းဆောင်ရွက်ရန် ပြည်နယ်လေးခုအတွက် ဗဟိုဘတ်ဂျက်အရန်ငွေထဲမှ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၂ သန်းခန့်ကို နောက်ထပ် အရေးပေါ် ကယ်ဆယ်ရေးပံ့ပိုးမှုအဖြစ် အောက်တိုဘာ ၁၂ ရက်တွင် ခွင့်ပြုပေးလိုက်ကြောင်း သိရသည်။

ပြီးခဲ့သည့် သီတင်းပတ်တွင် ဝန်ကြီးချုပ် ဖမ်မင်ချင်းသည် အဆိုပါ ဒေသများသို့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ သန်းခန့် ခွဲဝေချထားပေးပြီးဖြစ်သည်။ တာဝန်ရှိသူများ၏ နောက်ဆုံးထုတ်ပြန်ချက်အရ လက်ရှိအချိန်အထိ တိုင်ဖွန်းမုန်တိုင်း မတ်မိုကြောင့် ၁၆ ဦး သေဆုံးကာ အခြား ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ တရားမဝင်မူးယစ်ဆေးဝါး ၁၀ ဒသမ ၃ တန်ကို မီးရှို့

**ကဘူးလ် အောက်တိုဘာ ၁၃**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ အောက်တိုဘာ ၁၂ ရက်က တရားမဝင်မူးယစ်ဆေးဝါး ၁၀ ဒသမ ၃ တန်ကို မီးရှို့ခဲ့ကြောင်း အောက်တိုဘာ ၁၃ ရက်တွင် ပြည်နယ်ရဲတပ်ဖွဲ့ရုံးက ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

ဘိန်း၊ ဆေးခြောက်နှင့် ဘိန်းဖြူထုတ်လုပ်ရာတွင် အသုံးပြုသည့် အခြားပစ္စည်းများကဲ့သို့သော တရားမဝင် မူးယစ်ဆေးဝါးမျိုးစုံပါဝင်သည့် တရားမဝင် ပို့ကုန်သွင်းကုန်များကို စစ်ဆင်ရေးလုပ်ငန်းများတွင် စုစည်းခဲ့ရာ အဆိုပါ ပစ္စည်းများကို အောက်တိုဘာ ၁၃ ရက်တွင် မီးရှို့ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ရဲတပ်ဖွဲ့က ပြည်နယ်အတွင်း မည်သူ့ကိုမဆို တရားမဝင်သီးနှံများ စိုက်ပျိုးခြင်းနှင့် မူးယစ်ဆေးဝါးများ ထုတ်လုပ်ခြင်းကို ခွင့်မပြုကြောင်း သိရသည်။

အာဖဂန်အစိုးရက မူးယစ်ဆေးဝါးကင်းစင်သည့်နိုင်ငံ ဖြစ်လာသည်အထိ တရားမဝင်မူးယစ်ဆေးဝါးများကို တိုက်ဖျက်ရာတွင် ကြိုးပမ်းသွားမည်ဟု ကတိပြုထားပြီး ဘိန်းစိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါးများ ထုတ်လုပ်ခြင်းနှင့် မူးယစ်ဆေးဝါးများ ကုန်ကူးခြင်းကို တားမြစ်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

# မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့် အခက်အခဲများကိုသတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
- (၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
- (၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
- (၁) ၀၁-၃၃၃၁၆၃၅
- (၂) ၀၉-၄၂၂၅၄၄၆၆၉
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
- (၁) ၀၉-၈၈၁၄၄၆၆၈၆
- (၂) ၀၉-၈၈၆၈၃၄၂၃၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၁၁၇၅
- (၂) ၀၅၈-၂၃၄၃၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
- (၁) ၀၁-၃၃၃၆၆၁၁
- (၂) ၀၁-၃၃၃၆၆၂၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၅
- (၂) ၀၇၁-၂၀၃၂၀၉၆
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၁၂၁၁
- (၂) ၀၅၉-၂၀၂၃၅၂၅
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၂၁၂၆၈
- (၂) ၀၅၂- ၂၂၀၁၉၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၈၉
- (၂) ၀၆၃-၂၀၂၈၈၉၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၆၉၀၄၂
- (၂) ၀၂-၄၀၆၇၃၄၄
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၂၅၆
- (၂) ၀၅၇-၂၀၂၄၃၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၄၂၁၇၄၂၄၂၈
- (၂) ၀၉-၄၃၀၉၄၄၅၇
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၂၅၀၆၂၉၃
- (၂) ၀၁-၂၃၀၆၂၅၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၉၉၅
- (၂) ၀၈၁-၂၁၂၄၅၄၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၄၆၁၆
- (၂) ၀၄၂-၂၃၇၈၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးခြင်းကို အောက်တိုဘာ ၁၃ ရက်က ကျွန်းကလေးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအေးကို မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းကို အသေးစိတ် ရှင်းလင်းပြသစဉ်။

မြို့နယ်(ပြန်/ဆက်)





နန်းယွန်းမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ ဆိုင်းဘုတ်စိုက်ထူပွဲကို အောက်တိုဘာ ၁၂ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာတင်ဦးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရ

(၁၃-၁၀-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၅-၁၀-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၂-၁၀-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေ ကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ ရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့် အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

❖ *ကျောဖုံးမှ*

ကုလသမဂ္ဂ၏ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးမျက်နှာစာတွင် အရေးကြီးဆုံးသော ယန္တရားတစ်ရပ်ဖြစ်သည့် လူ့အခွင့်အရေးကောင်စီသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခုတွင် ဖြစ်ပေါ်နေသော အခြေအနေများကို လက်တွေ့ကျကျ၊ ဘက်လိုက်မှုကင်းကင်းဖြင့် ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်ခြင်းမပြုဘဲ ဘက်လိုက်ပြီး တစ်ဖက်စောင်းနင်းသော အချက်အလက်များကိုသာ အမှန်အဖြစ် ယူဆကာ ဆောင်ရွက်နေဆဲဖြစ်သည်ကို သတိပြုမိသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဤကဲ့သို့သော အခြေအမြစ်မရှိသည့် စွပ်စွဲချက်များနှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် ဆွေးနွေးချက်များကို ပြတ်သားစွာ ကန့်ကွက်ပယ်ချပြီး နိုင်ငံတော်က ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများကို မျက်ခြည်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်မှစ၍ အဆင့်ဆင့်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲရလဒ်အရ အနိုင်ရရှိလာမည့် နိုင်ငံရေးပါတီထံသို့ နိုင်ငံ့တာဝန်ကို ပခုံးလွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပြီး မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် ပြည်တွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တိုင်းပြည်သာယာဝပြောရေးတို့ကို ဆက်လက်ဆောင်ရွက်လျက် မြန်မာနိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို မြှင့်တင်ကာကွယ်သွားမည်ဖြစ်ကြောင်း ထပ်လောင်းဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# နေပြည်တော်တွင် စနစ်ကျလယ်ယာမြေ ၆၅၇ ဒသမ ၈၈ ဧက ဦးစားပေးဖော်ထုတ်ရန် လျာထားဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၃**
နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမင်းဦးသည် ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စက်မှုလယ်ယာစနစ်ကျလယ်ယာမြေဖော်ထုတ်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လယ်ယာကဏ္ဍအခြေခံဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေး တိုးတက်ထုတ်လုပ်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အပြည့်အဝပြောင်းလဲကျင့်သုံးရေးသည် အလွန်အရေးပါလျက်ရှိကြောင်း ပြောကြားသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်း ၂၀၁၂-၂၀၁၃ မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ စနစ်ကျ လယ်ယာမြေ ၁၄၂၂၂ ဒသမ ၂၃ ဧက ဖော်ထုတ်ပြီးဖြစ်ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာ၌ ၃၅၇ ဒသမ ၈၈ ဧကနှင့် ပျဉ်းမနားမြို့နယ် နမ်းတောကျေးရွာ၌ ဧက ၃၀၀ စုစုပေါင်း ဧက ၆၅၇ ဒသမ ၈၈ ဧက ဖော်ထုတ်မည်ဖြစ်ကြောင်း၊ စက်မှုလယ်ယာဦးစီးဌာန အနေဖြင့် နေပြည်တော် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနတွင်ရှိသော အောက်မြန်မာပြည် စနစ်ကျ လယ်ယာမြေဖော်ထုတ်ရေးအဖွဲ့နှင့် အထက်မြန်မာပြည် စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးအဖွဲ့တို့မှ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဆောင်ရွက်ခြင်းမရှိဘဲ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် စနစ်ကျလယ်ယာမြေ ၆၅၇ ဒသမ ၈၈ ဧက ဦးစားပေးဖော်ထုတ်ရန်လျာထားဆောင်ရွက်ခဲ့သဖြင့် လျာထားသည့်အတိုင်း အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ နေပြည်တော် စက်မှုလယ်ယာ ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက



လုပ်ငန်းဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဝင်များက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ထို့နောက် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ ဦးမင်းဦးနှင့် တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ်အတွင်း ယမန်နေ့က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆင်သေချောင်းကမ်းပါးပြိုမှုဖြစ်ပွားရာ ကမ်းပါးရှိ ဇီးကုန်းကျေးရွာအုပ်စု ကုလားရွာ အခြေခံပညာ မူလတန်းကျောင်း အဆောက်အအုံကို ကြိုတင်ရွှေ့ပြောင်းမှုများ ဆောင်ရွက်နေခြင်းအား ကွင်းဆင်းကြည့်ရှုကာ လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၅၁ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် အောက်တိုဘာ ၁၃**
နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊မြဝတီ-ရွှေကုက္ကို၊မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၀ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၁၅ ဦး၊ အင်ဒိုနီးရှားနိုင်ငံသား လေးဦးနှင့် ပါကစ္စတန်နိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၅၀ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၉၄၉၀ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၅၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၃**
ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂-၁၀-၂၀၂၅ ရက်နေ့ကပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၁၉-၆-၂၀၂၅ ရက်နေ့မှ ၅-၉-၂၀၂၅ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်း တစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်း သုံးဦး၊ အထွေထွေ ၃၉ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း နှစ်ဦး ပေါင်း ၄၆ ဦးအား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၇၀၀၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၅၉၀ နှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၁၃ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်း ၅၇၀၃ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြု ပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ဖျာပုံမြို့နယ်၌ ကော်ဖီပင်ဧက ၁၀၀ စိုက်ပျိုးသွားမည်

**ဖျာပုံ အောက်တိုဘာ ၁၃**
ဖျာပုံမြို့နယ်အတွင်းရှိ တောင်သူများ ကော်ဖီသီးနှံ စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေ တိုးပွားစေရန် ရည်ရွယ်၍ ကော်ဖီပျိုးပင်များ ပေးအပ်ခြင်းနှင့် စုပေါင်းစိုက်ပျိုးခြင်းကို ယနေ့ နံနက်ပိုင်းက ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာ၊ အုပ်စု မယ်ညိုကျေးရွာ ကွင်းအမှတ် (၄၅၆)၊ ဦးပိုင်အမှတ် ၂၅/၇ ရှိ တောင်သူ ဦးမျိုးမြင့်၏ ဥယျာဉ်ခြံမြေ၌ ပြုလုပ်သည်။



အဆိုပါ ကော်ဖီပင်ပေးအပ်ခြင်းနှင့် စိုက်ပျိုးရာတွင် ဖျာပုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် ကော်မတီဝင်များ၊ ဖျာပုံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာအေးနှင့် ဝန်ထမ်းများ၊ သလိပ်ကြီး ကျေးရွာအုပ်စုမှ တောင်သူများ တက်ရောက်ကြပြီး ဖျာပုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာအေးက ကော်ဖီပင် စိုက်ပျိုးနည်းစနစ်နှင့် အပင်ပြုစုထိန်းသိမ်းခြင်းဆိုင်ရာများကို အသိပညာပေးဟောပြောပြီး ကော်ဖီပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ကော်ဖီပင်စိုက်ဧက ၁၀၀ စိုက်ပျိုးရန် လျာထားပြီး ကော်ဖီပျိုးပင် ၄၃၅၀၀ ပျိုးထောင်ထားရှိကာ ကျေးရွာအုပ်စု ၂၁ အုပ်စုတွင် စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်သည့် စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၁၃

**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သား/သမီး ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များသည် နိုင်ငံတကာယဉ်ကျေးမှု၊ ဗဟုသုတနှင့် အသိပညာများ အတုယူလေ့လာနိုင်စေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးစဉ် သွားရောက်ကြမည်ဖြစ်ရာ အဆိုပါလေ့လာရေးအဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။**



အဆိုပါထူးချွန်လူငယ်များပါဝင်သည့် လေ့လာရေးအဖွဲ့အား ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၏ မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းရင်းနှီးနှီး လိုက်လံအားပေးပြီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ထူးချွန်လူငယ်များပါဝင်သည့်လေ့လာရေးအဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီး မျိုးမြင့်အောင် ဦးဆောင်၍ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း မိသားစုဝင် သား၊ သမီးများမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး နိုင်ငံတော်အဆင့် ဘက်စုံပညာထူးချွန်လူငယ်ရွေးချယ်ခံရသည့် ကျောင်းသား ကျောင်းသူ ၁၁ ဦး၊ အမှတ်အများဆုံးရရှိသော ကျောင်းသား ကျောင်းသူ ၁၆ ဦး၊ ဂုဏ်ထူး တစ်ဘာသာဖြင့် အောင်မြင်သော စစ်သည် တစ်ဦးနှင့် ကျောင်းအုပ်ချုပ်မှုတာဝန်ခံ နှစ်ဦး၊ အုပ်ချုပ်မှုအဖွဲ့ဝင် လေးဦး စုစုပေါင်း ၃၄ ဦးတို့ပါဝင်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အောက်တိုဘာ ၁၈ ရက်အထိ လေ့လာရေးခရီးစဉ်ကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Tian Tan ပန်းခြံ၊ Tian an men ရင်ပြင်၊ မဟာတံတိုင်းကြီး (Great Wall) နှင့် အခြားအထင်ကရ နေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင် သား၊ သမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သား၊ သမီးများနှင့် စစ်သည်အစားခန့် အရပ်သားအမှုထမ်းများ၏သား၊ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်ပေးအပ်ခဲ့ပြီး ဆုရရှိသူများအနက်မှ ထူးချွန်စစ်သည်နှင့် ဘက်စုံထူးချွန်လူငယ်များအား ၂၀၁၃ ခုနှစ်မှစ၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ပေးခဲ့ရာ ကမ္ဘာတစ်ဝန်းကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် ခေတ္တရပ်နားခဲ့ရပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှ စတင်၍ လေ့လာရေးခရီး ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ သွားရောက်လေ့လာကြမည့် အုပ်ချုပ်သူများနှင့် မျိုးဆက်သစ်ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၏ လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍ ပြောကြားမှုများကို ယခုကဲ့သို့ ကြားသိရပါသည်-



ဗိုလ်မှူးကြီး မျိုးမြင့်အောင်



ဒုတိယတပ်ကြပ် ကောင်းမြတ်ကျော်



မောင်အောင်ခန့်ကို



မခင်တင့်တယ်ထက်

**ဗိုလ်မှူးကြီး မျိုးမြင့်အောင်**
**(လေ့လာရေးအဖွဲ့ခေါင်းဆောင်)**

အခု လေ့လာရေးခရီးသွားရမယ့် အစီအစဉ်ကတော့ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ထူးချွန်စွာအောင်မြင်ခဲ့တဲ့ စစ်မှုထမ်းဆဲ စစ်မှုထမ်းဟောင်း သား၊ သမီးများထဲမှ အမှတ်အများဆုံးနဲ့ လူရည်ချွန်ရရှိခဲ့တဲ့ ကျောင်းသား ကျောင်းသူ ၂၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရစစ်သည် တစ်ဦး၊ အောင်ချက်အကောင်းဆုံး ရရှိခဲ့တဲ့ တပ်မတော်အခြေခံပညာ အထက်တန်းကျောင်းနှင့် တပ်မတော်ပညာရေးကျောင်းတို့မှ ကျောင်းအုပ်ကြီး၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံ အုပ်ချုပ်မှုအဖွဲ့ဝင် ခြောက်ဦး စုစုပေါင်း ၃၄ ဦး ပါဝင်တဲ့လေ့လာရေးအဖွဲ့ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Tian an men ရင်ပြင်၊ မဟာတံတိုင်းကြီး၊ ဗုဒ္ဓမြတ်စွယ်တော် ကျောင်းတိုက်၊ ကွမ်ကျိုးမြို့မှာရှိတဲ့ တက္ကသိုလ်တစ်ခုနဲ့ ကွမ်ကျိုးတာဝါ စတဲ့အထင်ကရနေရာတွေကို သွားရောက်လည်ပတ်မှာ ဖြစ်ပါတယ်။ အခုလို သွားရောက်တဲ့ခရီးစဉ်မှာ ကျွန်တော့်အနေနဲ့ အဖွဲ့ခေါင်းဆောင်အဖြစ် သွားရောက်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ အခုလို သွားရောက်ခွင့်ရရှိခဲ့တဲ့အတွက် တပ်မတော်အကြီးအကဲနဲ့ တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ထူးချွန်ကျောင်းသား ကျောင်းသူတွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အခုလို လေ့လာရေးခရီးစဉ် စေလွှတ်ပေးခြင်းဖြင့် တရုတ်နိုင်ငံရဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်တဲ့ နည်းပညာအခြေခံစနစ်များ၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုများ စတဲ့ကောင်းမွန်တဲ့ အသိပညာဗဟုသုတတွေ ရရှိမှာဖြစ်ပါတယ်။ ရရှိလာတဲ့ ကောင်းမွန်တဲ့ အသိပညာဗဟုသုတတွေကို ကျောင်းသား ကျောင်းသူတွေရဲ့ အနာဂတ်အတွက် များစွာအထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစိုက်တဲ့ ဆောင်ပုဒ်နဲ့အညီ ထူးချွန်ကျောင်းသား ကျောင်းသူတွေကို တရုတ်နိုင်ငံကို လေ့လာရေးခရီးစေလွှတ်ပေးတဲ့အတွက် ကောင်းမွန်တဲ့ အသိအမြင်ဗဟုသုတများရရှိကာ နိုင်ငံတော်နဲ့ တပ်မတော်က အားထားရတဲ့ အရည်အချင်းပြည့်ဝတဲ့ သားကောင်းရတနာ သမီးကောင်းရတနာများအဖြစ် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်မိပါတယ်။

**ဒုတိယတပ်ကြပ် ကောင်းမြတ်ကျော်**
**(တစ်ဘာသာဂုဏ်ထူးရှင်)**

ကျွန်တော်က ပညာရေးကျောင်းကနေ တစ်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ပါတယ်။ စစ်သည်တစ်ယောက်အနေနဲ့ ကြိုးစားရတာ အပြင်ကျောင်းတွေလိုမျိုး မဟုတ်ပါဘူး။ တပ်မတော်သားတစ်ယောက်ရဲ့တာဝန်တွေလည်း ကျေပွန်အောင် ဆောင်ရွက်ရတယ်။ အဲဒီလိုရတဲ့အချိန်တွေထဲကနေ စာကိုမနားမနေ ကြိုးစားကျက်မှတ်ခဲ့တာပါ။ ကျောင်းမှာ သင်ကြားပေးတဲ့ သင်ခန်းစာတွေကို ကြိုးစားသင်ယူပါတယ်။ ညဘက်ရောက်တဲ့အခါမှာလည်း မအိပ်ဘဲ ညဉ့်နက်တဲ့အထိ လေ့လာကျက်မှတ်ခဲ့ပါတယ်။ တရုတ်နိုင်ငံကို လေ့လာရေးခရီး သွားရောက်လည်ပတ်ခွင့်ရတဲ့အတွက် အလွန်ဂုဏ်ယူဝမ်းသာမိပါတယ်။ လေ့လာရေးခရီးစီစဉ်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အထူးကျေးဇူးတင်ရှိပါတယ်။

**မခင်တင့်တယ်ထက်**
**(ခြောက်ဘာသာဂုဏ်ထူးရှင်)**

ခြောက်ဘာသာဂုဏ်ထူးရဖို့အတွက် တစ်နှစ်ပတ်လုံး တစိုက်မတ်မတ် စာကိုကြိုးစားခဲ့ရပါတယ်။ ငယ်ငယ်ကတည်းက ဆရာဝန်ဖြစ်ချင်တယ်ဆိုတဲ့ အိပ်မက်နဲ့ တစိုက်မတ်မတ် ကြိုးစားခဲ့တာလည်း ဖြစ်ပါတယ်။ အခုလို ဂုဏ်ထူးရတဲ့ ကျောင်းသားကျောင်းသူတွေကို နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေက တရုတ်နိုင်ငံကို လေ့လာရေးစေလွှတ်ပေးတဲ့အတွက် အလွန် ဝမ်းသာပီတိဖြစ်ရပါတယ်။ တရုတ်နိုင်ငံရဲ့ ယဉ်ကျေးမှုတွေ၊ အစားအသောက်တွေ၊ လူမျိုးတွေအားလုံးကို လေ့လာရမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားနေမိပြီး သူငယ်ချင်းတွေအတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်။ အခုလို လေ့လာရေးခရီးစေလွှတ်ပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။ အနာဂတ်ရည်မှန်းချက်က ဆရာဝန်တစ်ယောက် ဖြစ်ချင်ပါတယ်။ ဒီလို ဆရာဝန်တစ်ယောက်ဖြစ်ဖို့ကိုလည်း အခုချိန်ကတည်းက ကြိုးစားနေပါတယ်။

**မောင်အောင်ခန့်ကို**
**(ခြောက်ဘာသာဂုဏ်ထူးရှင်)**

တစ်နှစ်ပတ်လုံး စာကို အစဉ်မပြတ်ဘဲ တစ်နေ့စာတစ်နေ့ ပုံမှန်ကျက်မှတ်ပါတယ်။ ဆရာ ဆရာမတွေ သင်ကြားပြသမှုတွေကို သေသေချာချာ လိုက်နာမှတ်သားတယ်။ မေးခွန်းဟောင်းတွေကို အထပ်ထပ်အပြန်ပြန် လေ့ကျင့်တယ်။ စာကို ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် ကြိုးစားကျက်မှတ်ပါတယ်။ ကျွန်တော့်တို့ကြိုးစားမှုတွေ အရာထင်လာအောင် အသိအမှတ်ပြုပြီးတော့ လေ့လာရေးခရီးစေလွှတ်ပေးတဲ့အတွက်လည်း အထူးဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ အခုလို တရုတ်နိုင်ငံကို လေ့လာရေးခရီးစေလွှတ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော် ရန်ကုန်နည်းပညာတက္ကသိုလ်မှာ ပညာဆက်လက်သင်ကြားပြီး အင်ဂျင်နီယာဘွဲ့ယူပါမယ်။ ပြီးရင် PhD အထိရအောင် ကြိုးစားသွားမှာပါ။

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၁၃

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မိုး/ဇလ

## မိုင်းဖြတ်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်း အသိပညာပေး



**မိုင်းဖြတ် အောက်တိုဘာ ၁၃**
ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ သိကောင်းစရာများနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၂ ရက်က နမ့်နန်း(ရှမ်း)ကျေးရွာနှင့် ပါလောင်းကျေးရွာတို့၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်မဖွဲ့ခွဲမှ ဒုတိယဦးစီးမှူး ဒေါ်ယုယုမွန်နှင့် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်၏ ကောင်းကျိုးများ၊ မဲဆန္ဒရှင်ပြည်သူများ စမ်းသပ်မဲပေးပုံအဆင့်ဆင့်တို့ကို လက်တွေ့ရှင်းလင်း ပြောကြားပြီး ပြည်သူများက စမ်းသပ်မဲပေးခြင်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

## ကျိုက်လတ်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ် ကပ်ထားကြေညာ

**ကျိုက်လတ် အောက်တိုဘာ ၁၃**
ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် မဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ် ကပ်ထားကြေညာလျက်ရှိရာ ယနေ့နံနက်ပိုင်းက ဆူးဂဏန်းကျေးရွာအုပ်စု၌ ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာမှုအား တာဝန်ရှိသူများ လိုက်လံစစ်ဆေးသည်။

ထိုသို့လိုက်လံစစ်ဆေးရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ရီရီမြင့်က ထုတ်ပြန်ထားသော မဲဆန္ဒရှင်စာရင်းများတွင် အကြောင်းအမျိုးမျိုးကြောင့် အမည်စာရင်း မပါရှိသူများသည် ထပ်တိုးစာရင်း ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲဆန္ဒရှင်အချက်အလက်များ ပြင်ဆင်လိုပါက ပုံစံ(၄-က)ဖြင့် လည်းကောင်း၊ မဲစာရင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက ပုံစံ(၄)ဖြင့်လည်းကောင်း ဖြည့်စွက်၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများတွင် မဲစာရင်းထုတ်ပြန်ကြေညာ



သည့် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂၀ ရက်အတွင်း ပြင်ဆင်လွှာ တင်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျိုက်လတ်(ပြန်/ဆက်)**

## ငါးသိုင်းချောင်းမြို့၌ မဲဆန္ဒရှင် အမည်စာရင်းများ ကပ်ထားကြေညာထားရှိရာ ပြည်သူများ ဆက်လက်လာရောက်ကြည့်ရှု

**ငါးသိုင်းချောင်း အောက်တိုဘာ၁၃**
၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ငါးသိုင်းချောင်းမြို့၌ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သော ပထမအကြိမ် မဲဆန္ဒရှင် အမည်စာရင်းများကို သက်ဆိုင်ရာ



ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၌ စက်တင်ဘာ ၃၀ ရက်မှစတင်၍ ကပ်ထား ကြေညာထားရှိခဲ့ရာ ယနေ့တွင်လည်း ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။

အဆိုပါ ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို အောက်တိုဘာ ၂၀ ရက်အထိ (၇) ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းတွင် မိမိအမည်မပါလျှင် ပုံစံ(၃)ဖြင့်လည်းကောင်း၊ အမည်နှင့် အချက်အလက်များကို ကန့်ကွက်လိုလျှင် ပုံစံ(၄)ဖြင့်လည်းကောင်း၊ အချက်အလက်များ ပြင်ဆင်လိုလျှင် ပုံစံ(၄-က) ဖြင့်လည်းကောင်း လျှောက်ထားနိုင်ကြောင်းနှင့် အဆိုပါသတ်မှတ်ပုံစံများကို သက်ဆိုင်ရာ ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ အခမဲ့ထုတ်ယူနိုင်ကြောင်း သိရသည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး လုပ်ငန်းများဆောင်ရွက်

**မော်လမြိုင်ကျွန်း အောက်တိုဘာ၁၃**
ဧရာဝတီတိုင်းဒေသကြီးမော်လမြိုင်ကျွန်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များမှ မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး လုပ်ငန်း ဆောင်ရွက်မှုများကို ယနေ့နံနက်ပိုင်းက မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ ဆောင်ရွက်သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက မြို့နယ်အတွင်း မဲစာရင်းများ မှန်ကန်မှုရှိစေရေးနှင့် ကွဲလွဲမှုများမဖြစ်စေရေးအတွက် စစ်ဆေးဆောင်ရွက်



သွားရန်၊ မြို့နယ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဌာနဆိုင်ရာအားလုံး ပူးပေါင်းဆောင်ရွက်ကြရန်၊ မဲပေးပိုင်ခွင့်ရှိသူပြည်သူများ ဆန္ဒမဲပေးနိုင်ရေး၊ မဲစာရင်းတွင် ပါဝင်နိုင်ရေး သေချာစွာ စိစစ်ဆောင်ရွက်ကြရန် မှာကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် မဲစာရင်းတောင်းဆိုလွှာ၊ ပြင်ဆင်လွှာ၊ ပယ်ဖျက်လွှာများ ဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေးသည်။ **ရဲကိုမောင်(ပြန်/ဆက်)**

## တွံတွေးမြို့နယ်၌ မဲစာရင်းများ ပထမအကြိမ် ကပ်ထားကြေညာခြင်းကို ပြည်သူများ လာရောက်ကြည့်ရှု

**တွံတေး အောက်တိုဘာ ၁၃**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများအား ပထမအကြိမ် ကပ်ထားကြေညာခြင်းကို စက်တင်ဘာ ၃၀ ရက်မှစတင်၍ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် စတင်ကပ်ထားကြေညာထားရာ အောက်တိုဘာ ၁၃ ရက်တွင် ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။

တွံတေးမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၇၃ အုပ်စုရှိကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မျိုးလှိုင်(တွံတေး)**



## ဖြူးမြို့နယ်၌ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ဖြူး အောက်တိုဘာ ၁၃**
ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားလာစေရေးနှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူစေရေးအတွက် ရည်ရွယ်၍ အခြေခံပညာဦးစီးဌာနမှ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အထက(၁) ကျောင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ဖြူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ Grade-5 မှ Grade-9 အထိ အင်္ဂလိပ်စာဘာသာရပ်စွမ်းရည်ပြိုင်ပွဲတွင် ၇၃ ဦး၊ သင်္ချာဘာသာရပ်စွမ်းရည်ပြိုင်ပွဲတွင် ၇၉ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၅၂ ဦးသည် အောက်တိုဘာ ၁၃ ရက်မှ ၁၄ ရက်အထိ နှစ်ရက်တာ ဖြေဆိုယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## သဃ်န်းကျွန်းခရိုင်၌ လူငယ်နှင့်စာဖတ်ခြင်း အသိပညာပေးဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁၃**
ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါဝင်းမြိုင်နှင့် စာရေးဆရာမ မေမြတ်စန္ဒာတို့က လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးပွဲ ပြုလုပ်သည်။

ဦးစွာ စာရေးဆရာမ မေမြတ်စန္ဒာက စာဖတ်ခြင်းသည် လူကြီး၊ လူငယ်မရွေး ပညာကိုတန်ဖိုးထား လေ့လာလိုက်စားနေသည့် ခေတ်ဖြစ်ကြောင်း၊ အောင်မြင်ပျော်ရွှင်သည့် အနာဂတ်ကို ပိုင်ဆိုင်ရန်အတွက် အားကောင်းစွာ ကြိုတင်ပြင်ဆင်ရန် လိုကြောင်း၊ လူငယ်များအနေဖြင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတ စာပေများကိုလည်း လေ့လာလိုက်စားရန် လိုကြောင်း၊ လူငယ်ဟူသည် နောင်အနာဂတ်အတွက် တိုင်းပြည်တွင် အားကိုးအားထားရမည်ဖြစ်သဖြင့် စာဖတ်ရန်လိုအပ်ကြောင်း၊ လူငယ်သည် ရိုးသားကြိုးစားပြီး တက်ကြွနေစေရန် စာကောင်းပေမွန်များအား ဖတ်ကြရန် လိုအပ်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့သည်။

**ဇော်မိုး(သဃ်န်းကျွန်း)**

## မိုင်းယောင်းမြို့၌ မသန်စွမ်းသူများနှင့် ပတ်သက်၍ အသိပညာပေး

**မိုင်းယောင်း အောက်တိုဘာ ၁၃**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်ခေါင်းစဉ်ဖြင့် မသန်စွမ်းသူများနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ထို့နောက် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးထွန်းက လေ့လာဆန်းစစ်ချက်အရ မြန်မာနိုင်ငံတွင် မသန်စွမ်းသူ ကလေးသူငယ် နှစ်သိန်းသုံးသောင်းခန့်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မသန်စွမ်းသူများအားလုံး တန်းတူညီမျှ အပြည့်အဝရရှိစေရန်နှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ အားကစား၊ အနုပညာ စသည့်နယ်ပယ်ကဏ္ဍအသီးသီးတွင် သန်စွမ်းသူများနှင့်အတူ မသန်စွမ်းသူများ တန်းတူပေါင်းစည်းဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

စာအုပ်စာပေ၊ လူ့မိတ်ဆွေ

## ပြည်ကြီးတံခွန်မြို့နယ်၌ အသက်(၁၈)နှစ်နှင့်အထက် မဲဆန္ဒရှင်လူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူ

**ပြည်ကြီးတံခွန် အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်နှင့် (ဆ)ရပ်ကွက်တို့တွင် အောက်တိုဘာ ၁၂ ရက်က စတင်၍ အသက်(၁၈)နှစ်နှင့်အထက် မဲဆန္ဒရှင်လူဦးရေစာရင်းများအား မြေပြင်ကွင်းဆင်းကောက်ယူသည်။



မြေပြင်ကွင်းဆင်းကောက်ယူရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ စိစစ်ထားသော စက်တင်ဘာ ၃၀ ရက်တွင် ကြေညာထားသည့် အသက်(၁၈)နှစ်နှင့်အထက် မဲဆန္ဒရှင်လူဦးရေစာရင်းအား မြေပြင်ကွင်းဆင်းကောက်ယူရေးကော်မတီကြီးကြပ်မှုဖြင့် ၂၀၂၅ ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်စေရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## Book Club စာဖတ်ဝိုင်းပြုလုပ်

**ကိုကိုးကျွန်း အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ယနေ့နံနက်ပိုင်းက Book Club အဖွဲ့ဝင်များနှင့် စာဖတ်ဝိုင်းပြုလုပ်ခဲ့သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းဇော်က ယခုလို Club အသင်းအဖွဲ့များနှင့် အပတ်စဉ်စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ထို့နောက် စာရေးဆရာ(တင့်ခိုင်) ရေးသားသော ပညာရေးစနစ်သစ်၏ လိုအပ်ချက်များ စာအုပ်မှ စာဖတ်ဝိုင်းကို စတင်ရာ တက်ရောက်လာသော Book Club အသင်းဝင်အဖွဲ့မှ မောင်စိုးစိုးက ပညာရေးအပြောင်းအလဲခေါင်းစဉ်၊ ဒေါ်ခင်ခင်က ပညာရေးစနစ်သစ်ခေါင်းစဉ်ဖြင့် ဖတ်ရှုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

## သဃ်န်းကျွန်းမြို့နယ်၌ ယာယီနေရပ်စွန့်ခွာသူများ ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး အသိပညာပေးလုပ်ငန်းဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက်တွင် ရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာနေရသူများအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေးခွင့်မဆုံးရှုံးစေရန် အောက်တိုဘာ ၁၂ ရက်က စံပြရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အသိပညာပေးခြင်း ဆောင်ရွက်ခဲ့သည်။



အဆိုပါ အသိပညာပေးလုပ်ငန်း ဆောင်ရွက်ရာတွင် စံပြရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကြည်စိုးက သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက်အတွင်း ရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာ နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရန်နှင့် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူတစ်ဦးချင်း မဲပေးပိုင်ခွင့်ရရှိစေရန်အတွက် ပုံစံ (၆၆) မိတ္တူ၊ မှတ်ပုံတင်မိတ္တူနှင့် ဧည့်စာရင်းတို့ ယူဆောင်လာရန်၊ မိမိတို့ရုံးမှ သက်ဆိုင်ရာ ဖြည့်သွင်းရမည့်ပုံစံစာရွက်တို့ကို အခမဲ့ထုတ်ပေးမည်ဖြစ်ကြောင်း၊ ပုံစံတွင် ဖြည့်သွင်းရေးသားရာ၌ အခက်အခဲရှိပါက မိမိတို့ရုံးမှ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဇော်မိုး (သဃ်န်းကျွန်း)**

## ဒေါပုံမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများစာရင်းကို ပထမအကြိမ် ကပ်ထားကြေညာထား

**ဒေါပုံ အောက်တိုဘာ ၁၃**

ဒေါပုံမြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူများ၏ မဲစာရင်းများကို ပထမအကြိမ် ရပ်ကွက်များအလိုက် ကပ်ထားကြေညာထားရာ နေ့စဉ်လာရောက်ကြည့်ရှုကြသည်။

ဒေါပုံမြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၄ ရပ်ကွက်အတွင်းရှိ ပြည်သူများအနေဖြင့် မဲပေးပိုင်ခွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် အသက်(၁၈)နှစ်နှင့်အထက် မဲဆန္ဒရှင်ပြည်သူများ စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂၀ ရက်အထိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာထားမည်ဖြစ်ရာ လာရောက်ကြည့်ရှုနိုင်ရေး နေ့စဉ်နှိုးဆော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ချစ်စုဝေ(ပြန်/ဆက်)**



## ဘိုကလေးမြို့နယ်၌ ကော်ဖီပျိုးပင်ပေးအပ်ပွဲနှင့် စုပေါင်းစိုက်ပျိုးပွဲကျင်းပ



**ဘိုကလေး အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်းရှိ တောင်သူများ ကော်ဖီသီးနှံ စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားစေရေး၊ နှစ်ရှည်သီးပင်များကြားတွင် ကော်ဖီပင် ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် မြေတစ်ယူနစ်ဧရိယာတိုးတက်ကာ မြန်မာ့ကော်ဖီ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေးရည်ရွယ်၍ ကော်ဖီပျိုးပင်များ ပေးအပ်ခြင်းနှင့် စုပေါင်းစိုက်ပျိုးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘိုကလေးမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ညီညီထွဋ်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကော်ဖီစိုက်ပျိုးမည့် ဌာနဆိုင်ရာများ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများထံ ပျိုးပင်များပေးအပ်ကာ အဆိုပါသင်တန်းကျောင်း၌ ကော်ဖီပင်များအား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

## ဟိုပုံးမြို့ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးနှင့် ဆံုဆို့မေးခိုင် ကာကွယ်ဆေးထိုးနှံပေး

**ဟိုပုံး အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ အမျိုးသမီးငယ်လေးများ သားအိမ်ခေါင်းကင်ဆာရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးနှင့် KG ကျောင်းသား ကျောင်းသူများအား ဆံုဆို့မေးခိုင် ကာကွယ်ဆေးထိုးနှံ



ပေးခြင်းကို ယနေ့ နံနက်ပိုင်းက အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း၌ ထိုးနှံပေးသည်။

ထိုသို့ထိုးနှံရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကျန်းမာရေး ဝန်ထမ်းများက အသက် ၉ နှစ်မှ ၁၀ နှစ်အရွယ် ကျောင်းသူများကို ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။ ထို့နောက် ကျန်းမာရေးဝန်ထမ်းများက သားအိမ်ခေါင်းကင်ဆာ၏ ရောဂါလက္ခဏာများ၊ သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားပါက နောက်ဆက်တွဲဖြစ်ပွားနိုင်သည့် ရောဂါလက္ခဏာများကို အသိပညာပေးဟောပြောပြီး အသက် ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်မကျော်သော KG ကျောင်းသား ကျောင်းသူများအား ဆံုဆို့မေးခိုင်ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ဟိုပုံးမြို့နယ်၌ ကျောင်းအခြေပြု ဆံုဆို့မေးခိုင်ရောဂါ ကာကွယ်ဆေးကို ကျောင်းသား ကျောင်းသူ ၉၃ ဦးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးကို ကျောင်းသူ ၇၃ ဦးတို့ကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## ဆံုဆို့-မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံ

**မိုးနဲ အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ကျောင်းအခြေပြု ဆံုဆို့-မေးခိုင် ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက ဥယျာဉ်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း စုရပ်၌ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇင်မီဟန်၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာသင်ကြားနေသော အခြေခံပညာအထက်တန်းကျောင်း၊ နောင်ကျော့ အလက(ခွဲ)ကျောင်း၊ ဥယျာဉ်အမကကျောင်းနှင့် နမ့်မော်လေ အမကကျောင်းရှိ အသက် ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်အောက် ကျောင်းသား ကျောင်းသူ ၉၉ ဦးကို ဆံုဆို့-မေးခိုင်ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထပ်ဆောင်းထိုးနှံပေးခြင်းနှင့် အသက် ကိုးနှစ်ပြည့်ပြီး ၁၀ နှစ်အောက် ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး ၅၀ ကို စနစ်တကျထိုးနှံပေးခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

## မိုင်းယောင်းမြို့၌ လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**မိုင်းယောင်း အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက လူကုန်ကူးမှုတိုက်ဖျက်ဖို့ ခေါင်းပုံဖြတ်မှုအဆုံးသတ်စို့ ခေါင်းစဉ်ဖြင့် လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးထွန်းက လူကုန်ကူးသူများသည် လူသုံးများသည့် အင်တာနက် လူမှုကွန်ရက်များဖြစ်သည့် Facebook၊ TikTok၊ Telegram၊ Wechat စသည်တို့မှတစ်ဆင့် မက်လုံးပေးဆွဲဆောင်စည်းရုံးလာကြောင်း၊ အွန်လိုင်းမှတစ်ဆင့် လိမ်လည်ဖြားယောင်းမှုများနှင့် ပတ်သက်၍ ပြည်သူလူထုသိရှိနိုင်ရန် အသိပညာပေးမှုများကို သက်ဆိုင်ရာက တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ အလေးဂရုပြုကြရန်လိုကြောင်း ဆွေးနွေးခဲ့သည်။ **စိုင်းအောင်ဇော်လင်း**

# မိတ္ထီလာမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်မှုလက်မှတ်ရသင်တန်းဖွင့်



**မိတ္ထီလာ အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ လယ်ယာသုံး စက်ကိရိယာကျွမ်းကျင်မှု လက်မှတ်ရသင်တန်း အမှတ်စဉ်(၄) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ ရက်က စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးက နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမားရိုးကျ လယ်ယာစိုက်ပျိုးရေးစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်ရာတွင် ခေတ်မီနည်းပညာမြင့် လယ်ယာသုံး စက်ကိရိယာများကို ကျွမ်းကျင်စွာ မောင်းနှင်ပြင်ဆင် ထိန်းသိမ်းနိုင်မည့် ပညာတတ် လူငယ်လူရွယ် စက်မှုလယ်ယာ ကျွမ်းကျင်လုပ်သားကောင်းများ ဒေသအလိုက် ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးနှင့် နိုင်ငံအဆင့် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ဖြင့် လယ်ယာသုံး စက်ကိရိယာကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အာမခံချက်ရှိသည့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိစေရေးတို့အတွက် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်း အမှတ်စဉ် (၄) ကို သင်တန်းသား ၄၄ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ၂၅ ရက် ကြာမြင့်မည်ဖြစ်ပြီး သင်တန်းတွင် လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု ပညာရပ်များသာမက စက်ပြင်ဆင်မှု ပညာရပ်များကိုပါ တစ်ပြိုင်နက် ကျွမ်းကျင်တတ်မြောက်သည်အထိ လေ့ကျင့်သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကျောက်ဆည်မြို့နယ် မှိုင်းပန်ကျေးရွာ၌ စိုက်ပျိုးထားသော ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဆည်ရေသောက်/မိုးရေသောက်စနစ်ဖြင့် မိုးသီးနှံမျိုးစုံစိုက်ပျိုးထားရာ ၂၀၂၅-၂၀၂၆ ခုနှစ် မှိုင်းပန်ကျေးရွာ၌ တောင်သူ ဦးမြင့်မွေး စိုက်ပျိုးထားသော ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။



ဝါစိုက်ပျိုးခြင်းများနှင့်ပတ်သက်၍ မြို့နယ်တာဝန်ရှိသူများ၏ ဝါစိုက်ပျိုးခြင်း နည်းစနစ်များအတိုင်း မြေအစိုဓာတ်ရရှိချိန်တွင် တစ်ကေသတ်မှတ်အပင်ပြည့်မီစွာ စတင်စိုက်ပျိုးပြီး အပင်သက်တမ်း ၂၀ ရက်မှ ၂၅ ရက်သားတွင် စိုက်ကျင်းတစ်ကျင်းတွင် သန်မာသည့် အပင်နှစ်ပင်ချန်၍ သားခွဲပေးကြောင်း၊ ဝါပင်သက်တမ်း ရက် ၅၀ အထိ စုပ်ပိုးကာကွယ်ဆေး နှစ်ကြိမ်နှင့် ဝါဂွမ်းပိုးနီနှင့် ရွက်လိပ်ရွက်စားပိုး နှစ်ကြိမ် ဖျန်းခြင်းများ ဆောင်ရွက်ကြောင်း တောင်သူ ဦးမြင့်မွေးက ပြောသည်။

ကျောက်ဆည်မြို့နယ်၌ ဝါသီးနှံများကို မှိုင်းပန်ကျေးရွာအုပ်စုတွင် ၃၇၅ ဧက၊ သင်္ဂတုံကျေးရွာအုပ်စု၌ ၂၃ ဧက၊ ကလေးကျေးရွာအုပ်စု၌ ၁၈ ဧက၊ ရှမ်းတောင်ဦးကျေးရွာအုပ်စု၌ ၁၀ ဧက၊ ရဲဘော်ကြီးကျေးရွာအုပ်စု၌ ၅၀၂ ဧက၊ ရဲယမန်းကျေးရွာအုပ်စု၌ ၉၄၆ ဧကနှင့် အခြားကျေးရွာအုပ်စုများရှိ ယာမြေများတွင်လည်း စိုက်ပျိုးထားရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ပုဗ္ဗသီရိမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိမှုအခြေအနေများ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၁၃**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာ အေးချမ်းသာယာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက်မှ အသင်းသား တောင်သူများ၏ အောင်နိုင်တိုး မိုးစပါးများ ရိတ်သိမ်းနေမှုနှင့် ပန်းတိုင်အထွက်နှုန်း ရရှိမှု ရှိ မရှိကို သက်ဆိုင်ရာတာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကြည့်ရှုရာတွင် နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက မိုးစပါးရိတ်သိမ်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားကာ တောင်သူများ၏



လိုအပ်ချက်များကို ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

# ပေါက်ခေါင်းမြို့နယ်၌ မိုးမြေပဲ ၁၇၇၂ ဧက ရိတ်သိမ်းပြီး ၁၂၇၀၈၈ တင်းထွက်ရှိ

**ပေါက်ခေါင်း အောက်တိုဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ မိုးသီးနှံတစ်မျိုးဖြစ်သော မိုးမြေပဲကို ၁၅၃၄၃ ဧက စိုက်ပျိုးခဲ့ရာ ၁၇၇၂ ဧက ရိတ်သိမ်းပြီးဖြစ်၍ ၁၂၇၀၈၈ တင်း ထွက်ရှိသည်။



ယခုနှစ်တွင် ပေါက်ခေါင်းမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအနေဖြင့် ဆီထွက်သီးနှံတစ်မျိုးဖြစ်သော မိုးမြေပဲကို စိုက်ပျိုးရေးဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဧကပေါင်း ၁၅၃၄၃ဧက လျာထား စိုက်ပျိုးပြီးစီးပြီဖြစ်၍ ၁၇၇၂ ဧကကို ရိတ်သိမ်းခဲ့ရာ ၁၂၇၀၈၈ တင်း ထွက်ရှိကာ ယမန်နှစ်ကထက် အထွက်နှုန်းကောင်းမွန်ကြောင်း ဝက်တိုးကျေးရွာ မြေပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

မိုးမြေပဲ အထွက်နှုန်းကောင်းခြင်းဖြင့် ဒေသတွင်းစားသုံးဆီထုတ်လုပ်မှု ပိုမိုအဆင်ပြေစေပြီး အထွက်နှုန်းကောင်းမွန်သော မြေပဲမျိုးကောင်းမျိုးသန့်များ ရရှိရေးနှင့် မြေပဲစိုက်ပျိုးရာတွင် ထိရောက်လွယ်ကူအဆင်ပြေစေသော စိုက်ပျိုးရေးနည်းစနစ်ကောင်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**



# မြိတ်မြို့၌ သရုပ်ဖော်ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**မြိတ် အောက်တိုဘာ ၁၃**

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် သရုပ်ဖော်ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းက မြိတ်မြို့ အထက(၁) ပညာ့ဗိမာန်ခန်းမ၌ မြိတ်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ကြီးမှူးကျင်းပသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ ခရိုင်ပညာရေးမှူး ဦးသန်းထိုက်က အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် သရုပ်ဖော်ပန်းချီပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်ပညာရေးမှူး၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

၂၀၂၅ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အခမ်းအနားများကို ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေး သုံးစွဲဘဏ္ဍာ တိုးမြှင့်ပေး" ဆောင်ပုဒ်ဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကျင်းပကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# ဆိပ်ဖြူမြို့နယ်၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး

**ဆိပ်ဖြူ အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းကို အောက်တိုဘာ ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ဆောင်ရွက်သည်။

အသိပညာပေးဟောပြောပွဲသို့ မြို့နယ်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းက အဂတိတရားကင်းရှင်းခြင်းဖြင့် လူမှုအသိုင်းအဝိုင်းနှင့် အဖွဲ့အစည်းများ၌ လုပ်ငန်းများ အောင်မြင်တိုးတက်နိုင်စေရန် ရည်ရွယ်၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်တင်က အဂတိလိုက်စားမှုနှင့် မျိုးဆက်သစ်တို့ ဆိုးမွေများအကြောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ထူးမြတ်သူဇာက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးပါ ပြစ်မှု၊ ပြစ်ဒဏ်များ အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကိုဖွဲ့(အညာမြေ)**

# မြို့နယ်အဆင့် သင်္ချာနှင့် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲ ပြုလုပ်

**မိုင်းပျဉ်း အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် သင်္ချာနှင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၃ ရက်က အခြေခံပညာအထက်တန်းကျောင်း စာသင်ခန်းမ၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မိုင်းပျဉ်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် မူလတန်းနှင့် အလယ်တန်းအဆင့် ၂၇ ဦး၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် မူလတန်းနှင့် အလယ်တန်းအဆင့် ၂၀ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ -၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပူတာအိုမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းများ သဲကျောက်ခင်း

**ပူတာအို အောက်တိုဘာ ၁၃**

ကချင်ပြည်နယ် ပူတာအိုခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာချင်းဆက်လမ်းများ သဲကျောက်ခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေကို တာဝန်ရှိသူများက ယနေ့ ညနေပိုင်းက ကွင်းဆင်းစစ်ဆေးသည်။



ထို့နောက် ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ခံအင်ဂျင်နီယာ ဦးသော်ဇင်ဦးနှင့်အတူ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်းပေါင်း ၈၂၁ ဒသမ ၀၃၆ သန်းဖြင့် ဆောင်ရွက်သည့် ပူတာအိုမြို့နယ် ပမ္မတီးကျေးရွာနှင့် ဂျေဂျီဒီကျေးရွာချင်း ဆက်သွယ်ထားသော လမ်းအရှည် နှစ်မိုင်အား လမ်းအကျယ် ၁၈ ပေ၊ ဒုခြောက်လက်မဖြင့် သဲကျောက်ခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက လမ်းခင်းခြင်းလုပ်ငန်း ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်းပေါင်း ၄၆၀ ဒသမ ၄၃၈ သန်းဖြင့် ပူတာအိုမြို့နယ် နမ်ရှယ်ရီးဒီကျေးရွာနှင့် နမ်ရှယ်ဇွပ်ကျေးရွာချင်းဆက်သွယ်လမ်းအရှည် တစ်မိုင်တစ်ဖာလုံအား သဲကျောက်လမ်းခင်းခြင်းလုပ်ငန်းကို JSJ ကုမ္ပဏီက လမ်းခင်းခြင်းလုပ်ငန်း ၂၅ ရာခိုင်နှုန်းပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။ **(ဝဲပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးစဉ် ခရိုင်ဦးစီးမှူး ဦးဗိုလ်ဗိုလ်ကျော်က ကျေးရွာများအတွက် အမှန်တကယ် ရေရှည်အကျိုးပြုသည့် လမ်းများဖြစ်စေရေး၊ သတ်မှတ်အရည်အသွေးပြည့်မီရေး၊ အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးတို့ကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့သည်။

**ဖုန်ကန်(ပူတာအို)**



## လမ်းမတော်မြို့နယ်၌ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းများ ဆောင်ရွက်

**လမ်းမတော် အောက်တိုဘာ ၁၃**

လမ်းမတော်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ယနေ့ နံနက်ပိုင်းက မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ် ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းများ ဆောင်ရွက်သည်။ **(အပေါ်ပုံ)**

အဆိုပါ ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်းကို လမ်းမတော်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီနီအေး၏ ဦးဆောင်မှုဖြင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ဘီစီဂျီ၊ ပိုလီယို၊ ဆုံဆို့-ကြက်ညှာ-မေးခိုင်- အသည်းရောင်အသားဝါ(ဘီ)-ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ပိုလီယိုကာကွယ်ဆေးထိုးဆေး၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ) ကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုးစသည့် ကာကွယ်ဆေးများကို သတ်မှတ်ဆေးထိုးရက်များအလိုက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေး ထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်တွင်းကြီးမြို့နယ် လက်ပံကွေ့ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ သဘာဝဘေးအသိပညာပေးဟောပြော

**တောင်တွင်းကြီး အောက်တိုဘာ ၁၃**

တောင်တွင်းကြီးမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြသခြင်းကို ယနေ့နံနက်ပိုင်းက တောင်တွင်းကြီးမြို့နယ် လက်ပံကွေ့ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**



### ဆွေးနွေးဟောပြော

ဟောပြောပွဲတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းစိုးက သဘာဝကြောင့်ဖြစ်သော ဘေးအန္တရာယ်များ၊ လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များ၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားလေ့ရှိသော ဘေးအန္တရာယ်များ၊ လိုက်နာဆောင်ရွက်ရန်/ သတိပြုရန်/ ရှောင်ရှားရန်အချက်များကို ဆွေးနွေးဟောပြောသည်။

**နောင်နောင် (ဗိသနိုးမြေ)**



## မြစ်သားမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်

**မြစ်သား အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၆၄) စက်မှုလယ်ယာစခန်းမှ ကြီးမှူးဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါ စက်မှုလယ်ယာစခန်း သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အမှာစကား ပြောကြားပြီး ကျောက်ဆည်ခရိုင် စက်မှုလယ်ယာဦးစီးဌာန ဦးစီးဌာနမှူး ဦးမိုးကျော်က တောင်သူလယ်သမားများနှင့် စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသူများအား ခေတ်မီလယ်ယာသုံး စက်ကိရိယာများကို စနစ်တကျ ကျွမ်းကျင်စွာ ကိုင်တွယ်မောင်းနှင် အသုံးပြုနိုင်စေရန်စသည်ဖြင့် ပြောကြားသည်။

### သင်ထောက်ကူပစ္စည်းများ ပေးအပ်

ဆက်လက်၍ မြစ်သားမြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဦးစီးဌာနမှူး (ဦးစီးအရာရှိ) ဦးထွန်းထွန်းလင်းက သင်တန်းသား ၂၅ ဦးကိုယ်စား သင်တန်းသားတစ်ဦးအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

ထို့နောက် သင်တန်းနည်းပြ ခုနစ်ဦးက လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်ခန်းစာများကို စာတွေ့ လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း ပြန်လည်နေရာချထားသည့် အုပ်စု (RA)-(RA-1)၊ အကွက်အမှတ် (တ-၀၂)၊ မြေကွက်အမှတ် (၂၄၉၀) အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်မြင့်မြင့်စန်း (၁၂/လသယ (နိုင်) ၀၀၆၅၀၂) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်မြင့်မြင့်စန်း ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** **ဒေါ်လင်းလင်းထက်**
**LL.B, D.B.L, D.I.L.,** **LL.B,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**
**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဆန်စက်လမ်းနှင့်ဖန်ချက်လမ်းကြား၊ မုဒိတာအိမ်ရာ(၂)၊ အမှတ်(၈၉၅)၊ တိုက်အမှတ်-A ၊ တတိယထပ်၊ ၄-လွှာ၊ အခန်းအမှတ်-2A-417 တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဒေါ်ယဉ်ယဉ်ဌေး(၁၄/ပသန(နိုင်)၀၅၅၀၂၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဇော်မင်းမြတ်(၁၂/မရက(နိုင်)၁၁၄၄၁၁)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုစုခိုင်(LL.B) (စဉ်-၁၁၅၅၃) ဒေါ်ခင်စောသိန်း (LL.B) (စဉ်-၁၃၂၈၆) ဒေါ်သိမ့်သဉ္ဇာလီ (LL.B, LL.M) (စဉ်-၅၆၈၈၇)**
**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ သဲကုန်းမြို့နယ်၊ အင်းမမြို့၊ သီရိကန်သာ ရပ်ကွက်နေ ဦးစိုင်းဆွန့်-ဒေါ်နန်းအိတို့၏သမီး ဒေါ်လှငွေ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၃-၁၉၄၅ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ မုန်းအခြေခံပညာအထက်တန်းကျောင်း G-12 တွင် ပညာသင်ကြားနေသော မောင်ဟိန်းဝေအောင်၏ မိခင်အမည်မှန်မှာ ဒေါ်ဆွေဇင်မြင့် ၇/ကကန(နိုင်)၀၅၂၀၃၂ ဖြစ်ပါကြောင်း။ **ဒေါ်ဆွေဇင်မြင့်**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးအောင်ချင်း၏သား ကျွန်တော် မောင်ကျော်ကျော် ၉/မရမ(နိုင်)၀၀၄၄၀၂၏ နိုင်ငံကူးလက်မှတ်ပတ်စ်ပို့(နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၀၆၂၉၁**

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ မုန်းအခြေခံပညာအထက်တန်းကျောင်း G-12 တွင် ပညာသင်ကြားနေသော မောင်ဘုန်းမြတ်သူ၏ မိခင်အမည်မှန်မှာ ဒေါ်မိုးစန္ဒာမြင့် ၁၃/ကလတ(နိုင်)၀၂၇၆၉၆ ဖြစ်ပါကြောင်း။ **ဒေါ်မိုးစန္ဒာမြင့်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ မုန်းအခြေခံပညာအထက်တန်း ကျောင်း G-12 တွင် ပညာသင်ကြားနေသော မောင်လမင်းဟန် G-8 တွင် ပညာသင်ကြားနေသော မောင်ဥက္ကာမင်းဟန်တို့၏ ဖခင်အမည်မှန်မှာ ဦးဟန်ဝင်း ၇/ကကန(နိုင်)၀၄၇၁၄၉ ဖြစ်ပါကြောင်း။ **ဦးဟန်ဝင်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၁၀)၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ(၀ဒသမ၀၅၅၁)ဧက ရှိ ဂရန်မြေကွက်သည် ဆွန်ဆုံသီ(ခ)ဒေါ်အေးအေးဝင်းအမည်ပေါက်သော ဂရန်မြေကွက်ဖြစ်ပါသည်။ ဆွန်ဆုံသီ(ခ)ဒေါ်အေးအေးဝင်းထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သစ်သစ် ဆွေ က အရောင်းအဝယ်အရပ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုမည်ဆိုပါက အချိန်မရွေး လိုက်လံချုပ်ဆိုပေးမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြေညာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဆွန်ဆုံသီ(ခ)ဒေါ်အေးအေးဝင်း နှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့် LL.B(Advocate)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၇၅)**
**ဖုန်း-၀၉-၄၀၂၅၉၆၅၁**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ နဘူးအိုင်ကျေးရွာနေ ဖခင် ဦးကြည်ဝင်း(၁၂/မဂဒ(နိုင်) ၀၇၈၄၈၅)၊ မိခင် ဒေါ်နှင်းရီ (၉/မခန(နိုင်)၀၈၀၄၃၉)တို့၏ လွှဲအပ်ချက်အရ အများသိစေရန်အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဖခင် ဦးကြည်ဝင်း၊ မိခင် ဒေါ်နှင်းရီတို့၏ သမီးဖြစ်သူ မနှင်းဖြူလှိုင် (၉/မခန(နိုင်)၂၂၅၄၃၆)သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများ စိတ်ဆင်းရဲစေသောကိစ္စများ အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့သည့်အပြင် မိဘများ၏ ပြောဆိုဆုံးမမှုကို လက်မခံသောကြောင့် (၁၄-၁၀-၂၀၂၅)ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်တွင် မနှင်းဖြူ လှိုင်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ မိဘများ အနေဖြင့် မနှင်းဖြူလှိုင်ကို သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီ ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသျှိုင်းလင်းထက်(LL.B)** **ဒေါ်ဇင်မာဝေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
**(စဉ်-၁၈၈၃၂ )** **(စဉ်-၅၆၈၅၈)**
**ဖုန်း၊ ၀၉-၅၁၇၆၈၉၀၊ ၀၉-၉၆၈၀၀၀၀၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/67724, Kenbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းကိုကို ၉/အမရ(နိုင်)၁၆၅၈၇၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆၉ယ/၉၉၅၀၁, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်လတ် ၁၄/ဓနဖ(နိုင်)၀၈၂၈၈၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/32396 ယာဉ်လက်ဝယ်ရှိသူ စောအယ်မူး ၇/ညလပ(နိုင်)၁၁၅၅၈၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ချမ်းမြသာစည်မြို့နယ် တရားရုံးတော် ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၃၉

ဒေါ်ခင်ပုလဲမြင့် နှင့် တပ်ကြပ်ကြီးထွန်းအေး
တရားလို တရားပြိုင်

မန္တလေးမြို့၊ အကွက်(၄၈၈၊ တမ္ပဝတီသာမိုးရပ်၊ ချမ်းမြသာစည်မြို့နယ်နေ တပ်ကြပ်ကြီး ထွန်းအေး MHA -၀၈၅၂၂၂(ဘ)ဦးစံတင် သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်ပုလဲမြင့်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၆)၊ ဦးပိုင်အမှတ်(၁၁-က)၊ ဧရိယာ(၀ဒသမ၀၂၇၆)ဧက အကျယ်အဝန်းရှိသော ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၂၄ရက် (၁၃၈၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ရက်) မွန်းမ တည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက် မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကောင်းမြတ်နေခြည်ထူး)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာနေ ဒေါ်နော်မေရီ၊ ဒေါ်ခိုင်ငြိမ်းစု မှ Jad Mist အမှတ်တံဆိပ်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းအတွင်းရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဒေါ်နော်မေရီ၊ ဒေါ်ခိုင်ငြိမ်းစု ထံသို့ လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက သတင်းစာကြော်ငြာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့်အစားအသောက်နှင့်ဆေးဝါး ကွက်ကဲရေးဦးစီးဌာနသို့အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နော်မေရီ** **ဒေါ်ခိုင်ငြိမ်းစု**
**၁၃/ကမန(နိုင်) ၀၇၁၁၄၄** **၁၁/ကဖန(နိုင်) ၁၄၉၀၅၂**
**မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာ၊**
**ဖုန်း-၀၉-၄၃၀၁၀၇၈၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၉)၊ ဦးပိုင်အမှတ်(၈၈)၊ ဧရိယာ(၀. ၀၅၅၁)ဧကရှိ ဂရန်မြေကွက်သည် ဦးစိုးဆွေအမည်ပေါက်သော ဂရန်မြေကွက်ဖြစ်ပါသည်။ ဦးစိုးဆွေ(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးကြီးငွေ)ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးမြင့်ဌေးနှင့်ဒေါ်လွင်လွင်မာတို့က အရောင်းအဝယ်အရပ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုမည်ဆိုပါက အချိန်မရွေး လိုက်လံချုပ်ဆိုပေးမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန်အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဦးစိုးဆွေ(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးကြီးငွေ)နှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်မြင့် LL.B(Advocate )**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၃၃၇၅)**
**ဖုန်း-၀၉-၄၀၂၅၉၆၅၁**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/4494 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/33311, Honda Clcik- 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးလွင် ၉/ပဘန(နိုင်)၁၂၄၀၁၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၆၆၆၁၇, Honda Click- 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးလွင် ၉/ပဘန(နိုင်)၁၂၄၀၁၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀) ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၉၉

၁။ ဦးကွမ်းရှု(ခ)ဦးမောင်မောင်ဦး နှင့် တကကဘသောင်း(ခ)ဦးဘသောင်း
၂။ ဒေါ်ဌေးဌေးနိုင်
တရားလိုများ တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ ၆၄-၆၅လမ်းကြား၊ ၁၁၄-၁၁၅ လမ်းကြား၊ အကွက်အမှတ်(၀-၁၀/၁၅)နေ တကကဘသောင်း(ခ)ဦးဘသောင်း (ဘ)ဦးလှမောင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကွမ်းရှု(ခ)ဦးမောင်မောင်ဦးနှင့် ဒေါ်ဌေးဌေးနိုင်တို့က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(က)ရပ်ကွက်၊ အကွက်အမှတ် (၀-၁၀)၊ ဦးပိုင်အမှတ်(၆၇)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးဘသောင်းအမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဂျူးဂျူးစံ)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ အထက ပိုင်ကျုံ Grade-5မှ စောဘောနယ်စိုး၏ ဖခင် ဦးကျော်စိုးမိုး(ခ)ဦးစောပန်းစိန် ၃/ဘအန(နိုင်) ၂၄၆၀၃၃-မိခင်-ဒေါ်မူမူဝင်း (ခ)ဒေါ်နော်အဲ့စိုးဖော ၃/ပကန(နိုင်) ၀၄၁၃၉၃တို့သည် တစ်ဦးတည်းဖြစ်ပါ ကြောင်းနှင့် စောဘောနယ်စိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၄-၂၀၁၃ ဖြစ်ပါကြောင်း။

**ဦးကျော်စိုးမိုး(ခ)ဦးစောပန်းစိန်-ဒေါ်မူမူဝင်း (ခ)ဒေါ်နော်အဲ့စိုးဖော**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးလမ်း၊ ဈေးကြီးလမ်း မြို့ပြအိမ်ရာ၊ တိုက်အမှတ်(E)၊ တိုက်ခန်း အမှတ်(501)၊ ခန့်မှန်းကြမ်းခင်းဧရိယာ ၁၃၆၈ စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု Excel International Construction Co.,Ltd(၎င်းကိုယ်စား ဦးမိုးဟိန်း ၁၂/ကမရ(နိုင်) ၀၅၂၇၆၂)တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်မွန်ထွန်း**
**၁၂/ကမတ(နိုင်)၀၆၄၅၂၈**
**ဖုန်း-၀၉- ၉၇၈၈၀၆၄၉၂၊ ၀၉-၄၂၁၀၇၆၀၂၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်မေတ္တာအုပ်စု၊ အောင်မေတ္တာ(ဃ) ရပ်ကွက်၊ (၆)လမ်း၊ မြေကွက်အမှတ်(၆၆၁)ဟုခေါ်တွင်သော ဦးမောင်ထွေး(ခ) ဦးထွေးအမည်ပေါက်(စလစ်မြေ) အလျား (၆၅)ပေXအနံ (၄၀)ပေအကျယ်အဝန်းရှိ အိမ်ဝိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ပိုင်ရေးဆိုင်ခွင့်ရှိ၍ ကန့်ကွက်သူများရှိပါက ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစပြီး (၁၀) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရဲထိုက်အောင် (LL.B, LL.M)၊ တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၁၇၁၅၅/၂၁)**
**အမှတ်(၆၄၅)၊ အဝေရာလမ်း၊ အောင်မေတ္တာ(ဃ)ရပ်၊ မကွေးမြို့။**
**ဖုန်း-၀၉-၉၅၄၃၄၅၅၅၆**

## အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်၊ မြေတည် ရှိရာ အမှတ်(၅)ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၃)၊ အမှတ်(၄)ရွာအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၂)၊ မြေဧရိယာ(၇ဒသမ၃၈)ဧကပေါ်တွင် မူလဘိုးဘွားပိုင်ရှင် ဖခင်ဦးအိုက်ထွန်းပိုင်အမည်ပေါက်အား သမီးဖြစ်သူ ဒေါ်အေးအေးခိုင် ၁၃/နစန(နိုင်) ၀၂၈၂၇၀ ထံမှ ဦးအာကာမင်း ၁၃/တကန(နိုင်) ၀၈၃၇၅၇သည် ၂၀၀၇ ခုနှစ်တွင် အပြီးပေးချေဝယ်ယူခဲ့ပြီး လက်ရောက်ရယူခဲ့ပါသည်။ ကိုယ်ပိုင်မြေကွက်တွင် ကိုယ်တိုင်ကိုယ်ကျစိုက်ပျိုးရေးလုပ်ငန်းဖြင့် ယခုတိုင်လုပ်ကိုင်နေသူဖြစ်ကြောင်း ကျမ်းကျိန်လွှာ အထောက်အထား၊ နမ့်စန်မြို့နယ်၊ အမှတ်(၅)ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရောင်းသူ ဒေါ်အေးအေးခိုင် ၁၃/နစန(နိုင်)၀၂၈၂၇၀ ထောက်ခံချက်၊ မြေတည်ရှိရာ ရပ်မိရပ်ဖများ၏ ထောက်ခံချက်၊ ဦးအာကာမင်း၏ အိမ်ထောင်စုဇယားမှတ်တမ်းတွင် တောင်သူလုပ်ငန်းဖြင့် အသက်မွေးဝမ်း ကျောင်းပြုသူဖြစ်ကြောင်း အထောက်အထားများအရ လိပ်မူပါမြေကွက်ပိုင်ဆိုင် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားခံရသူ**
**ဦးအာကာမင်း** **ဒေါ်ဇင်ဇာလှိုင်(LL.M)**
**အိမ်အမှတ်(၂၇၁)၊ အမှတ်(၅)** **အထက်တန်းရှေ့နေ(စဉ်-၂၉၃၅၆)**
**ကျေးရွာအုပ်စု၊ အမှတ်(၄)** **အမှတ်(၄/၉၅)၊ တံခွန်လမ်း၊**
**ကျေးရွာ၊နမ့်စန်မြို့** **ဘုရားဖြူရပ်ကွက်၊**
**တောင်ကြီးမြို့၊ ဖုန်း-၀၉-၅၂၁၅၂၂၉**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့(၄)
## အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁) နှင့် တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့တို့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင်(၃၅၈/၁-၃)ရှိ ဒုဋ္ဌဝတီတံတားသစ် တည်ဆောက်ခြင်းလုပ်ငန်း( ရန်ကုန်ဘက်ကမ်းနှင့် မန္တလေးဘက်ကမ်း )တို့၌ အသုံးပြုရန် လိုအပ်သော ကျပ်သန်း(၂၀၀)အထက် တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများ ဝယ်ယူခြင်း/သယ်ယူပို့ဆောင်ခြင်းနှင့် စက်/ယာဉ်ယန္တရားများ ငှားရမ်း/ သယ်ယူ/ပို့ဆောင်ခြင်း အိတ်ဖွင့်တင်ဒါအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူ/ သယ်ယူ/ငှားရမ်းလိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**တည်ဆောက်ရေးအဖွဲ့(၁) အိတ်ဖွင့်တင်ဒါအမှတ်စဉ်** - ( ၄/၂၀၂၅-၂၀၂၆ ) နှင့်
**တံတားအထူး(၄) အိတ်ဖွင့်တင်ဒါအမှတ်စဉ်** - ( ၂/၂၀၂၅-၂၀၂၆ )

၁။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ မန္တလေးမြို့
ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့
၂။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၁၄-၁၀-၂၀၂၅ ရက်နေ့၊ ( ရုံးချိန်အတွင်း )
၃။ **လျှောက်လွှာပုံစံအရောင်း ပိတ်မည့် ရက်/အချိန်** - ၂၇-၁၀-၂၀၂၅ ရက်နေ့၊ ( ၁၆:၃၀ )နာရီ
၄။ **တင်ဒါဖွင့်မည့် ရက်/အချိန်** - ၂၉-၁၀-၂၀၂၅ ရက်နေ့၊ ( ၀၉:၃၀ )နာရီ
၅။ **တင်ဒါတင်သွင်း/စိစစ်/ ရွေးချယ်မည့်နေရာ** - ဒုဋ္ဌဝတီတံတားသစ်စီမံကိန်း (မန္တလေးဘက်ကမ်း) တံတားရှင်းလင်းဆောင်

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များ နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက { တည်ဆောက်ရေးအဖွဲ့(၁)(ဖုန်း)၀၉-၄၅၈၉၅၅၁၅၊ ၀၉-၂၅၀၀၇၀၇၁၈ နှင့် တံတားအထူးအဖွဲ့(၄)(ဖုန်း)၀၉-၄၄၈၅၄၈၅၈၅၊ ၀၉-၇၈၁၃၀၀၄၀၉ } တို့သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာ ပုံစံ များကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အမက(လွန်)-၁ အုန်းနဲ့ကျောင်းမှ လ/ထ(မူပြ)ဆရာမ ဒေါ်လှစော ၇/ကဝန(နိုင်)၁၄၄၁၁၁၏ ဖခင်အမည်မှာ ဦးစိန်အောင်ဝင်း(ခ) ဦးအောင်ဝင်း ၇/ကဝန(နိုင်) ၀၉၆၁၈၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိန်အောင်ဝင်း(ခ)ဦးအောင်ဝင်း**

## အမည်မှန်နှင့် ဖခင်အမည်မှန်

ဟုမ္မလင်းမြို့၊ အထက(၁)ကျောင်း Grade-8(E)ခန်းမှ မောင်အောင်ဆန်းတင်၏ အမည်မှန်မှာ မောင်ခင်မောင်သန်း ဖြစ်ပါကြောင်း၊ ၎င်း၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ချို ၅/ဟမလ(နိုင်)၀၅၉၉၀၈ ဖြစ်ပါကြောင်း။

**မောင်ခင်မောင်သန်း၊ ဦးခင်မောင်ချို**

## အမည်မှန်နှင့် ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း စက်မှု GRADE-12 မှ မခိုင်သဇင်၏ အမည်မှန်မှာ မခိုင်သဇင်ဦး ၇/ကဝန(နိုင်)၂၃၀၁၉၅ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းနိုင် ၇/ကဝန(နိုင်)၁၅၀၉၁၈ ဖြစ်ပါကြောင်း။

**မခိုင်သဇင်ဦး ၊ ဦးထွန်းထွန်းနိုင်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးဇော်နိုင်မိုး ၉/မနတ (နိုင်)၀၀၇၉၈၀၊ ဒေါ်နန်းကြည်ကြည်မြင့် ၁၃/ကမန(နိုင်)၀၀၄၀၂၉တို့၏ လွှဲအပ်ညွှန်ကြားသည်မှာ -

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်နေ ဦးဇော်နိုင်မိုး ၉/မနတ(နိုင်)၀၀၇၉၈၀၊ ဒေါ်နန်းကြည်ကြည်မြင့် ၁၃/ကမန(နိုင်)၀၀၄၀၂၉ တို့၏သားဖြစ်သူ မောင်စိုင်းဟိန်းနေဇာ ၁၃/ကမန(နိုင်)၁၃၄၆၆၂သည် မိဘများ၏ ဆုံးမသွန်သင်မှုကို မနာခံဘဲ မိဘ(၂)ပါးတို့အား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိ၏သဘောဆန္ဒအလျောက်နေအိမ်မှ ဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ငွေကြေးကိစ္စများ အပါအဝင် လူမှုရေး အရှုပ်အရှင်းများနှင့် အခြားမည်သည့်ကိစ္စများကိုမဆို မိဘများအနေဖြင့် တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်းနှင့် မောင်စိုင်းဟိန်းနေဇာအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူများ | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးဇော်နိုင်မိုး | ဒေါ်ဝင့်ဝါထွန်း |
| ၉/မနတ(နိုင်)၀၀၇၉၈၀ | LL.B,D.B.L,DL(101),WIPO(Switzerland) |
| ဒေါ်နန်းကြည်ကြည်မြင့် | တရားလွှတ်တော်ရှေ့နေ |
| ၁၃/ကမန(နိုင်)၀၀၄၀၂၉ | စာချုပ်စာတမ်းနှင့်ဥပဒေအတိုင်ပင်ခံ |
| | ဖုန်း-၀၉-၄၄၅၄၄၅၂၀၈၊ ၀၉-၄၃၀၄၉၈၂၉ |

## အများသိစေရန်ကြော်ငြာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွှေညောင်မြို့၊ သုခချမ်းသာ(၂)ရပ်ကွက်၊ သီတာလမ်း၊အမှတ်(၈)နေ ဦးကျော်စိုးလင်း(ဘ)ဦးစောငြိမ်း ၅/ရဥန(နိုင်) ၀၅၇၅၁၀)ကအောက်ပါအတိုင်း ကြော်ငြာလိုက်ပါသည်-

